မန္တလေးတိုင်း ရမည်းသင်းမြို့နယ်၊ နဘူးကျင်းရွာ ရန်ကင်းတောရကျောင်းနေ

သာသနာဓဇသိရီပဝရဓမ္မာစရိယ၊ ဂဏဝါစက၊ အရညဝါသီ

အရှင်တိဿရထေရ် ပါဠိ မြန်မာ နှစ်ဘာသာဖြင့် ရေးသားအပ်သော

ဝမ္မသံယုတ္တဂါထာ (ဒေါ) တရားနှင့်ယှဉ်နေ့စချင်

သာသနာနှစ် - ၂၅၅၂၊ ကောဇာနှစ် - ၁၃၇၀၊ ခရစ်နှစ် - ၂၀၀၈

တတိယအကြိမ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်	❑	၃၂၀၀၈၂၀၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	❑	၃၂၀၂၄၉၀၅၀၈
အကြိမ်	❑	**တတိယအကြိမ်**
ခုနှစ်	❑	**၂၀၀၈ ခုနှစ်၊ ဩဂုတ်လ**
အုပ်ရေ	❑	**၁၀၀၀**
တန်ဘိုး	❑	ဓမ္မဒါန
တရားအလှူတော်	❑	နဘူးကျောင်းတောရဆရာတော်ဘုရားကြီး၏ တပည့်များ (၁၈) ကြိမ်မြောက် တရားအလှူတော်
ထုတ်ဝေသူ	❑	ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ) အမှတ် ၁၁၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။
ပုံနှိပ်သူ	❑	ဒေါ်အိအိဆွေ၊ အောင်ချမ်းသာအော့ဖ်ဆက် ၁၃/၂၇၊ ရွှေဝါလမ်း၊ မာန်အောင်ရပ်ကွက် တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၇၂၀၆၉၂၊ ၀၉၅၀၀၂၇၅၁
ကွန်ပျူတာစာစီ	❑	မသီတာဝင်း Dream City Computer အမှတ် (၇-အ)၊ ၀ဇီရာရုပ်ရှင်ရုံဆိုင်ခန်း၊ ၃၄ လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၈၅၂၂၇
ဒီဇိုင်း	❑	နိုင်လင်းနှင့် ရဲမင်း
စီစဉ်သူ	❑	သိမ်းဆောင်(ရမည်းသင်း) မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင် (၇၃၅၉) ထွန်းလင်းစာစဉ်၊ အမှတ် ၁၃၀၀၊ မြင်တော်သာလမ်း (၁) ရပ်ကွက်၊ သာကေတမြို့ ဖုန်း ၀၁-၅၄၁၅၀၉။

နဘူးကျောင်းတောရဆရာတော် ဘဒ္ဒန္တ တိဿရမဟာထေရ်

(သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဂဏာဝါစက၊ အရှေ့ဝါသီ)

(၁၂၈၃ - ၁၃၆၆)



မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ နဘူးကျောင်း ရန်ကင်းတောရ နှင့်
နေပြည်တော် လယ်ဝေးမြို့နယ် ထန်းတပင်တောရ ဆရာတော်

မဟာဗောဓိသဿရ စေတီတော်

(ရမည်းသင်း ၊ နဘူးကျင်း၊ ရန်ကင်းတောရ)

ဘုရားဒါယကာ ဦးတင်မောင်ဝင်း+ ဒေါ်သီတာမြင့်(ညီမ) ဒေါ်ရီဝင်း-ရမည်းသင်း
မာယဝတ်အဖွဲ့နှင့် တပည့်သူတော်ကောင်းအများကောင်းမှု

မဟာဗောဓိသဿရကျောက်စာတိုက်

ကျောက်စာတိုက်အလှူရှင် - ဦးစိန်မောင်+ဒေါ်ဝင်းမာ သားအောင်ခိုင်ဇော်၊ပြည့်မှူးဇော်
အမှတ် (၁၅-က)၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊ ရန်ကုန်။

နဘူးကျောင်းတောရဆရာတော် အရှင်တိဿရထေရ် (၁၂၈၃-၁၃၆၆) ၏
ထေရုပ္ပတ္တိအကျဉ်း

ပူဇော်တင်ပြသူ – သိမ်းဆောင် (ရမည်းသင်း)

ဖွားမြင်ခြင်း၊ ပညာသင်ခြင်းနှင့် ရှင်ရဟန်းဖြစ်ခြင်း

၁၂၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၆)ရက် စနေနေ့ (၂၂–၁၀–၂၁)နေ့ (၂)နာရီ(၃၀)မိနစ်အချိန် မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ နဘူးကျောင်းကျေးရွာနေ ခမည်းတော် ဦးဘ၊ မယ်တော် ဒေါ်အေးမှန်တို့မှ မွေးဖွားသော အတိဇာတ သားဦးရတနာဖြစ်သည်။

၁၂၉၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၃)ရက် တနင်္ဂနွေနေ့တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သရက်ကန်ကျောင်းဆရာတော် ဦးဥက္ကံသကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေဖြစ်လာသည်။ ဘွဲ့တော် ရှင်တိဿရ။

၁၃၀၂ **ခုနှစ်၊ တပေါင်း**လပြည့်ကျော် (၁၂)ရက် တနင်္ဂနွေနေ့ နံနက် (၇)နာရီ (၅၅)မိနစ်အချိန် ကြာပင်အင်းကျောင်း**ဆရာတော်** ဦးစက္ကိန္ဒကို ဥပဇ္ဈာယ်ပြု၍ သရက်ကန်ကျောင်း ခဏ္ဍသိမ်၌ ခမည်းတော် မယ်တော်တို့၏ **ပစ္စယာနုဂ္ဂဟ**ဖြင့် ရဟန်းဖြစ်တော်မူသည်။

၁၃၀၄ ခုနှစ်၊ ရဟန်း (၂)ဝါရသည့်တိုင်အောင် သရက်ကန်ဆရာတော် ဦးဥက္ကံသ၊ ကံကြီးဆရာတော် ဦးဝိမလ (ဦးရှင်)၊ သက်ကယ်ကျင်းတောရဆရာတော် ဦးသီဟတို့ထံ၌ အခြေခံ ပိဋကတ်တော်များ သင်ယူခဲ့သည်။

၁၃၀၅ ခုနှစ်ဝါဆိုဦးမှစ၍ ဇီးဖြူကုန်းကျောင်းသစ်ရိပ်သာ ဆရာတော် ဦးဥက္ကံသထံသို့ ရောက်ရှိ၍ ပါဠိတော် အဋ္ဌကထာကျမ်းစာများကို ရဟန်း (၇)ဝါထိ (၅)နှစ်တိုင် သင်ယူဆည်းပူးခဲ့သည်။

၁၃၁၀ ခုနှစ် ပြာသိုလဆန်း (၁၀)ရက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဆရာတော်အရှင်**ပညာဝံသ (အဂ္ဂမဟာပဏ္ဍိတ)**ထံ ရောက်ရှိပြီး ပါဠိတော်အဋ္ဌကထာကျမ်းစာများ သင်ယူတော်မူသည်။

ဝိနယကျော်နှင့် ဓမ္မာစရိယဘွဲ့ ရရှိခြင်း

၁၃၁၃ **ခုနှစ် ဝိနယပိဋက**ရဒတန်း၌ အမှတ်အများဆုံး ပထမရ၍ "ဝိနယကျော်"ဘွဲ့ထူးရတော်မူသည်။

၁၃၁၅ **ခုနှစ်၊ နယုန်**လနှင့် တပေါင်းလကျင်းပသော စာချတန်းတွင် (၉)ကျမ်းလုံး အောင်မြင်တော်မူ၍ "သာသန**ဓဇသိရီပဝရ** ဓမ္မာစရိယ"ဘွဲ့ထူး ဆွတ်ခူးရရှိတော်မူသည်။

၁၃၁၆ ခုနှစ်မှ ၁၃၂၄ ခုနှစ်ထိ (၉)နှစ်(၉)ဝါတိုင် ဘုရားဖြူကျောင်းတိုက်ကြီး၌ **စာပေပို့ချ** ဂဏဝါစကဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

ဒုတိယ

၁၃၁၈ ခုနှစ် သီတင်းကျွတ်လမှစ၍ ဆွမ်းစွတင် (၅)ပါးကို ကျင့်ဆောင်တော်မူသော စာချဘုန်းကြီးဘဝကို ခံယူတော်မူခဲ့သည်။

ငွေတစ်ပြားမျှမရှိသော စာချဘုန်းကြီး

သာမဏေမှ စာချဘုန်းကြီးဘဝထိ မူလက ကပ္ပိယကာရကဖြင့်သာ နဝကမ္မဝတ္ထုကို ထားရှိခဲ့ရာ၊ ကပ္ပိယကာရကအား အာလယပြတ် ငဲ့ကွက်မှုကင်းစွာ စွန့်လွှတ်၍ ငွေတစ်ပြားမျှမရှိသော စာချဘုန်းကြီးအဖြစ်သို့ ရောက်တော်မူသည်။

၁၃၂၂ ခုနှစ်၊ နယုန်တန်ခူးလဆန်း(၁၄)ရက် (၉-၄-၆၀) စနေနေ့တွင် စာချဘုန်းကြီးဘဝ ရန်ကုန်မြို့ ဦးသာကြွယ်၊ ဒေါ်အေးမိသားစု၏ ပစ္စယာနုဂ္ဂဟဖြင့် ဘုရားဖြူဆရာတော် အရှင်ပညာဝံသ (အဂ္ဂမဟာပဏ္ဍိတ) ကို ဥပဇ္ဈာယ်ပြု၍ ဘုရားဖြူခဏ္ဍာသိမ်တွင် သိက္ခာထပ်တော်မူသည်။ (နောက်ထပ် သိက္ခာထပ်ခြင်းပွဲလွန်သည့်တိုင် မရှိ)

နိကာယ်ငါးရပ် ပိဋကတ် ၆ ကြိမ် ကြည့်ရှုတော်မူ

စာချဘုန်းကြီးဘဝတွင် နိယာယ်ငါးရပ် ပိဋကတ်တော်များကို ပါဠိတော်နှင့်တွဲ၍ ကြည့်ရှုတော်မူ၏။ (နောင်သောအခါ တောရဆောက်တည်သည် ဘဝတွင် ငါးကြိမ်ကြည့်ရှုပြီး ပေါင်းခြောက်ကြိမ် ကြည့်ရှုတော်မူ၏။)

အရှည်ဝါသီ ကြွလှမ်းပြီ

မြတ်စွာဘုရားသည် တောကို အလွန်ချီးမွမ်းသည်။ ဗုဒ္ဓမတည္ဗု အရှင်မဟာ ဗုဒ္ဓဃောသ အဋ္ဌကထာဆရာကလည်း ချီးမွမ်းသည်ဖြစ်၍ တောကို စိတ်ညွတ်တော်မူသည်။

၁၃၂၅ ခုနှစ်၊ နယုန်လဆန်း (၅)ရက်၊ ဘုရားဖြူကျောင်းတိုက်မှ သပိတ်တစ်လုံး သင်္ကန်းသုံးထည်ဖြင့် ထွက်ခွာ မကွေးမင်းဘူးသို့ ဧရာဝတီမြစ်ကြော ရေဆန်ခရီး သင်္ဘောစီး၍ ကြွတော်မူရာ၊ ထိုနှစ် နယုန်လပြည့်နေ့ နံနက် (၉)နာရီ ရွှေစက်တော် ဗုဒ္ဓခြေတော်ရင်း အရပ်သို့ ရောက်တော်မူပြီး နှစ်ပေါင်းလပေါင်းများစွာက ဖြစ်လိုလှသော အရှည်ဝါသီ ဝိနယဂရုက ပုဂ္ဂိုလ်အဖြစ်သို့ ရောက်တော်မူသည်။

သီတင်းသုံးခဲ့သော တောရများ

ဆရာတော် သီတင်းသုံး စုတင်ဆောင်ခဲ့သော တောရများမှာ မင်းဘူးခရိုင် ရွှေစက်တော်တောရ၊ စကုမြို့နယ် မြောင်းဦးတောရ၊ သရက်ခရိုင် မင်းတုန်းမြို့နယ် တောင်လတ်တောရ၊ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ညောင်ကုန်း သုသာန်တောရ၊ လယ်ဝေးမြို့နယ် ထန်းတပင်တောရ၊ ရမည်းသင်းမြို့နယ် ရွှေဒါးရွှေမင်းဝံတောရနှင့် နဘူးကျင်း ရန်ကင်းတောရများ ဖြစ်လေသည်။

၁၃၃၄ ခုနှစ်တွင် ရမည်းသင်းမြို့နယ်ရှိ ဇာတိရွာ နဘူးကျင်း၊ ရန်ကင်းတောရကို တည်ထောင်စတင် ဝါကပ်တော်မူသည်။

တတိယ

သုသာန်ဓုတင် ဆောင်တော်မူ

၁၃၃၅ ခုနှစ် ပျော်ဘွယ်မြို့နယ် ညောင်တုန်း သုသာန်တောရတွင် သောသာနိကဓုတင်လည်းဆောင်လို အရညကင်ဓုတင်လည်း မဖျက်လိုသည့်အတွက် ခြေလျှင်ကြွ၍ ဝါကပ်တော်မူသည်။ အပြန်လည်းခြေလျှင်ဖြစ်သည်။

မြတ်ဗုဒ္ဓသည် ခြေလျှင်ခရီးများခဲ့သလို တောရဆရာတော်၏ ဓုတင်ဆောင် မထေရ်ဘဝတွင်လည်း တောကိုဖြတ်ကျော်၊ သင့်လျော်ရာဆွမ်းခံ၊ သွားရေနယ်ခင်း ကြုံဆုံသလို ကျိုန်းစက်ခြင်းနှင့် လိုရာခရီးခြေလျှင်ချည်းဖြင့် မိုင်ပေါင်းများစွာ ကြိမ်ခါခါ လျှောက်လှမ်းတော်မူခဲ့ဖူးလေသည်။

၁၃၃၆ ခုနှစ်တင် (ယခုအခါ နေပြည်တော်) လယ်ဝေးမြို့နယ်ရှိ ထန်းတပင်တောရကြီးသို့ ကြွရောက်စတင်ဝါကပ်တော်မူသည်။

၁၃၅၅ ခုနှစ်တွင် ဆုတောင်းပြည့် တောရကျောင်းတိုက်ကြီးကို အသစ်တည်ထောင်ပေးတော်မူသည်။

ဤသာသနာတော်၌ ဝိနယဂရုကဓုတင်ဆောင် မထေရ်များ ဆက်လက်ပေါ်ထွန်းနေစေရန် ရည်သန်လျက် အထက်ဖော်ပြပါ နဘူးကျောင်းရန်ကင်းတောရ၊ လယ်ဝေးမြို့နယ် ထန်းတပင်တောရကြီးနှင့်ဆုတောင်းပြည့်တောရကျောင်းတိုက်ကြီးများကို မဟာရံတံထိုင်းများဖြင့် တင့်တယ်အောင် စီမံတော်မူပြီး ဖြစ်သည်။

ဝါတွင်း ၄ လ လူမဝင်ရ

မှတ်ချက်။ ။ နဘူးကျောင်း ရန်ကင်းတောရနှင့် ထန်းတပင်တောရကြီးများသို့ ဝါတွင်း(၄)လ လူအဝင်အထွက် ခွင့်မပြု စည်းကမ်းသတ်မှတ်ထားတော်မူပါသည်။

နဘူးကျောင်းတောရဆရာတော်၏ (ဒိဋ္ဌာနုဂတိ)သို့ လိုက်၍ ဝိနယဂရုက ဓုတင်ဆောင် မထေရ်များ သီတင်းသုံးလျက်ရှိသော တောရကျောင်းပေါင်း (၂၈)ကျောင်းတွင် သံဃာတော်ပေါင်း (၅၀)ခန့် ဤသာသနာတော်၌ ပေါ်ထွန်းလျက်ရှိပြီဖြစ်သည်။ (နောက်ဆက်တွဲ-က)

သာသနာတော်အရှည်ခံ့ရေးအတွက် သီလကို ချစ်မြတ်နိုးကြကုန်သော ရဟန်းရှင်လူတို့ အကျိုးငှာ သီလ သမာဓိ ပညာဆိုင်ရာ ကျမ်းအများကို (ဤကျမ်းစာကျောဖုံးပါအတိုင်း) ပါဠိ၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားတော်မူခဲ့သည်။ ဒေသအနှံ့ သိမ်များကို သမုတ်တော်မူခဲ့ရာ သိမ်ပေါင်း (၁၇၀)လုံးသမုတ်တော်မူခဲ့သည်။

ဓုတင်ဆောင် ၄၁ ဝါကာလကြာ

နဘူးကျောင်းတောရဆရာတော်ဘုရားကြီးသည် သက်တော်အားဖြင့် ၈၃ နှစ်၊ ဝါတော်ပေါင်း ၆၃ ဝါ၊ တောရဆောက်တည် ဓုတင်ဆောင် ရဟန်းဘဝ ဝါတော် ၄၁ ဝါ ကာလကြာအောင် စဉ်ဆက်မပြတ် တောမှာပျော်တော်မူခဲ့သည်။

နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ ပါဠိတော်နှင့် အဋ္ဌကထာတွဲ၍ ခြောက်ကြိမ်တိုင်အောင် ဖတ်ရှု၊ တောရကျောင်းများ၌သာ ၄၁ နှစ်ကာလ စဉ်ဆက်မပြတ် သီတင်းသုံး၊ သိမ်အလုံးပေါင်း ၁၇၀ ဦးဆောင်သမုတ်တော်မူခဲ့သောပုဂ္ဂိုလ် မျက်မှောက်ခေတ် သာသနာတော်သမိုင်း၌ ရှိကောင်းမှ ရှိပေလိမ့်မည်။

စတုတ္ထ

ကျမ်းစာ ၁၁ အုပ် ရေးသားခဲ့

တောရ ဆရာတော် ရေးသားပြုစုခဲ့သမျှ ကျမ်းစာ ၁၁ အုပ် ရေးသားခဲ့သည်။ ဤသာသနာတော်အတွက် ဆောင်ရွက်ချက်အဖြစ်လည်းကောင်း၊ ရှုတင်ဆောင် ရဟန်းတော်များ ဆက်လက်ပေါ်ထွန်း တည်တံ့ရေးအတွက်လည်းကောင်း တပည့်များက အကြိမ်ကြိမ်ရိုက်နှိပ်ဖြန့်ဝေ လှူဒါန်းခဲ့ကြသည်။

သိမ်အလုံးပေါင်း ၁၇၀ သမုတ်တော်မူခဲ့ရာ သိမ် ၁၀၀ မှတ်တမ်း ဆရာတော်ကိုယ်တိုင် ပါဠိမြန်မာ နှစ်ဘာသာဖြင့် ရေးသားပြုစုခဲ့သည်ကို ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်အောင် မိမိတို့အဖွဲ့က ရွက်ဆောင်ခဲ့ကြသည်။ (ကျန် သိမ်အလုံး ၇၀ မှတ်တမ်းစာကြမ်းအတို မှတ်သားထားချက်များသာ ရေးသားသွားနိုင်ခဲ့သည်။)

သက်တော် ၈၀ ကျော်ကို ထက်ဝက်စီခွဲ၍

တောရဆရာတော်သည် သက်တော် ၈၃ ခုနှစ်ကျော်ကို ထက်ဝက်စီခွဲလျက် ပရိယတ္တိဗမ္မ စာသင်စာချတာဝန်ကို သက်တော် ၄၂ နှစ်အထိလည်းကောင်း၊ ပဋိပတ္တိဗမ္မ ဝိပဿနာဓုရ တာဝန်ကို ရှုတင်ဆောင် ရဟန်းတော်ဘဝဖြင့် ဝါတော်ပေါင်း ၄၁ ဝါ ၄၁ နှစ်ကျော် ကာလကြာအောင် တောမှာပျော်ခဲ့သည်။

လူသံ ရထားသံ ကင်းဆိတ်သည့် တောရကျောင်းမှာ

နဘူးကျင်း တောရဆရာတော်သည် ရှုတင်ဆောင်မထေရ်၏ဘဝကို လွန်စွာမြတ်နိုးသည်၏ အဖြစ်ကြောင့် သုံးထည်သောသင်္ကန်းကိုသာ ဝတ်ရုံတော်မူလျက် တစ်လုံးတည်းသော သပိတ်ထဲသို့ ကျသည့်ဆွမ်းကိုသာ တစ်နေရာတည်း တစ်ထိုင်တည်း တစ်နေ့ တစ်ကြိမ်တည်းသာ ရောင့်ရဲနှစ်သက်ခြင်းဖြင့်ဆိတ်ငြိမ်သော, လူသူတို့နှင့် ရောနှောခြင်းမရှိသော, အစွန်အဖျားဖြစ်သော, လူသံ၊ ရထားသံ အသံကင်းဆိတ်သော တောရကျောင်းများ၌သာ လှည့်လည်သီတင်းသုံးတော်မူခဲ့သည်။

မကျန်းမာ အသည်းကင်ဆာရောဂါ

ဆရာတော်သည် မကျန်းမာ၍ ၂၂-၆-၂၀၀၄ ရက်နေ့ ရန်ကုန်မြို့ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဆရာတော် ဘဒ္ဒန္တ ဇာဂရိယ၊ ဘဒ္ဒန္တ စန္ဒောဘာသ၊ ဘဒ္ဒန္တ ကောဝလနှင့် ဦးအောင်ခ၊ ဦးစိုးနိုင်တို့ ဦးဆောင်သော တပည့် ဒါယကာများက ပင့်ဆောင်ခဲ့ကြပြီး ရောဂါရှာဖွေ ကုသခဲ့ကြသည်။ 'အသည်းကင်ဆာရောဂါ'ဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိ။ ဆေးရုံတွင် တစ်ပတ်ကြာကုသမှု ခံယူခဲ့သည်။ ယောဟိုပိဋကရေ ဆရာတော်ကျောင်းပြောင်း၍ ကုသခဲ့ကြသည်။ ရန်ကုန်မြို့တွင် ၁၉ ရက်ကြာမျှ ဆေးကုသမှုခံယူစဉ် အပြင်းအထန်နာမကျန်းသည့်ကြားက နေ့စဉ် နံနက်တိုင်းအရုဏ်ယူသည့် အရုဏ်ကင် ရှုတင်ဆောင်ခြင်းကျင့်ဝတ်ကိုနောက်ပါ ရှုတင်ဆောင် မထေရ်များဖြစ်ကြသည့် နဘူးကျင်း ရန်ကင်းတောရမှ ရန်ကုန်ဆရာတော် ဘဒ္ဒန္တ ဇာဂရိယ (မဟာစရိယ၊ ဂဏဝါစက၊ အရညဝါသီ)၊ သာဂရမြို့ မှန်တောင်တောရ ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ (မဟာစရိယ၊ အရညဝါသီ)၊ နေပြည်တော်လယ်ဝေး ထန်းတပင်တောရမှ ဘဒ္ဒန္တ ကောဝလ (အရညဝါသီ)တို့နှင့်အတူ သန်လျင်မြို့သို့ နေ့စဉ်မပျက်မကွက် သွားရောက် အရုဏ်ယူခဲ့ကြသည်။ အသက်နှင့်လဲ၍ ရှုတင်ဆောင်တော် မူခဲ့သည်။

ပဥ္စမ

မွေးရပ်မြေ တောရကျောင်းမှာ ပျံလွန်တော်မူ

နဘူးကျောင်းတောရ ဆရာတော်၏ရောဂါမှာ ပြင်းထန်သဖြင့် အသက်ရှည်ရန် ၃လ ခန့်သာ နေရတော့မည်ဟု သမားတော်ကြီးများ၏စစ်ဆေးတွေ့ရှိချက် ထင်မြင်ချက်အရ နေပြည်တော် လယ်ဝေး ထန်းတပင်တောရကြီးသို့ ၁၁–၇–၂၀၀၄ နေ့တွင် ပြန်လည်ပင့်ဆောင်၍ ထိုတောရတွင် ရက်အနည်းငယ်မျှ သီတင်းသုံးပြီး မွေးဖွားရာဇာတိ ရမည်းသင်းမြို့နယ် နဘူးကျောင်းကျေးရွာအနီး ရန်ကင်းတောရကြီးသို့ ပြန်လည်ကြွရောက်၍ သက်တော်အားဖြင့် ၈၃ နှစ်၊ ဝါတော် ၆၃ ဝါ တောရ ရူတင်ဆောင် ၄၁ ဝါအထိ တောမှာ ပျော်ခဲ့သည့် နဘူးကျောင်းတောရဆရာတော်ဘုရားကြီးသည် "မြတ်စွာဘုရားသခင်ကိုပင် သေမင်းသည် သေမင်းနိုင်ငံသို့ အလွန်အကဲ ဆွဲဆောင်သည်သာဖြစ်ရကား ဘုရားမှတစ်ပါးသော သူတို့ကိုကား ဘယ်မှာ ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။ အလွန်အကဲ ဆွဲဆောင်မည်သာ မလွဲဧကန် အမှန်ပင်ဖြစ်တော့သည် တကား။"

ဟူသော တောရဆရာတော်ကိုယ်တိုင် ရေးသားခဲ့သည့် စာအတိုင်းပင် ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလဆန်း ၆ ရက် (၂၂–၇–၂၀၀၄)နေ့ ည ၈ နာရီ ၂၅ မိနစ်အချိန် လေးလံလှစွာသော ဘဝခန္ဓာဝန်၊ ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းဆောင်ထားရခြင်းမှလည်းကောင်း, ပြင်းစွာသော ဝေဒနာများစွာတို့၏ နှိပ်စက်မှုမှလည်းကောင်း လွတ်မြောက် အသက်ဇီဝိန် ကင်းပျောက်လျက် လက်ရှိ တစ်ဘဝခန္ဓာဇာတ်သိမ်း ပျံလွန်တော်မူခဲ့ပါသည်။

နောက်ဆုံးပူဇော်ကန်တော့ကြခြင်း

ပျံလွန်တော်မူပြီးနောက် ၅ ရက်မျှသာထား၍ ၂၆–၇–၂၀၀၄ နေ့ အန္တိမအဂ္ဂိဈာပန ကျင်းပတော်မူကြရာ ပျော်ဘွယ်၊ ရမည်းသင်း၊ နေပြည်တော်တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေးမြို့များနှင့် တောရွာများပါ တပည့် ရဟန်း သံဃာများစွာသော ပုဂ္ဂိုလ်အပေါင်းတို့ မကြုံဖူးအောင် များပြား ဆန် ဆီ ဆား ငရုတ်ကြက်သွန်များ လှူဒါန်း နံ့သာ ထင်း၊ အမွှေးတိုင်၊ ပန်းများ၊ လှူဒါန်းပူဇော် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် တိုးမပေါက်အောင် များပြားဖူးမြော် ကန်တော့ခဲ့ကြလေသည်။

အမှတ်တရ မဟာတိဿရ လွမ်းစေတီ

နဘူးကျောင်း ရန်ကင်းတောရကြီး မဟာတိဿရ ကုန်းမြေတွင် တောရဆရာကော်ဘုရားကြီး၏ ကျေးဇူးဂုဏ်များကို အမှတ်ရလျက် အရိုးဓာတ်များကို ဌာပနာ "မဟာတိဿရစေတီတော်"ဟူသော ဘွဲ့မည်တော်ဖြင့် ရန်ကုန် ဆရာတော် ဘဒ္ဒန္တဇာဂရိယထေရ် ဦးဆောင်၊ ရမည်းသင်းမြို့ ဆီစက် (ဦးပေါလှိုင်၊ ဒေါ်မြရွှေ)တို့၏သား၊ ဦးတင်မောင်ဝင်း ဇနီး ဒေါ်သီတာမြင့်နှင့် ဦးတင်မောင်းဝင်း၏ ညီမ ဒေါ်ရီဝင်းတို့မှ မတည်ငွေ ကျပ်သိန်း ၄၀ ကျော် ဘုရားဒါယကာအဖြစ် ခံယူပြီး အများသူငါ စုပေါင်းပါဝင် တည်ထားပူဇော်ခဲ့ကြပြီး ဖြစ်ပါသည်။

"မဟာတိဿရစေတီတော်"တွင် ဦးတော်တင်၍ လိုရာဆုပန်ဆင် ဆုတောင်းပြည့်သည့် အထောက်အထားများစွာ ရှိနေလေပြီဖြစ်သည်။

ထိုစေတီတော်မှ ရောင်ခြည်တော်လွှတ်သည်ကို အကြိမ်ကြိမ် ဖူးမြင်တွေ့ရှိသူ ရဟန်းရှိလူတို့ သက်ရှိထင်ရှား ရှိသည်။

နေ့ရက်များဖြင့် မှတ်တမ်းတင်ထားသည်။

ကျောက်စာတိုက်ကြီး တည်ထားပြီး၍

တောရဆရာတော်ရေးသားပြုစုခဲ့သမျှ ကျမ်းစာများမှ ပါဠိစာများကို ကျမ်းအလိုက် ကျောက်ထက် အက္ခရာတင် ကျောက်စာချပ်ပေါင်း ၅၀ ချပ် စိုက်ထူ ကျောက်စာတိုက်ကြီးကိုလည်း တည်ထားပြီး ဖြစ်သည်။ ရန်ကုန်ဆရာတော်သည်ပင် ဦးဆောင်ကြိုးပမ်းလျက် နေပြည်တော်တပ်ကုန်း ဒေါ်မင်းဆီစက် ဦးအောင်ခ သား ဦးစိုးသန်း + ဒေါ်မြမြဝင်း မိသားစုတို့မှ မတည်ငွေ ကျပ် ၂၇ သိန်းကျော် အများစုပေါင်း ပါဝင် ကျပ် ၂၈ သိန်းနှင့် ကျောက်စာတိုက်အဆောက်အဦး အလှူရှင်မှာ ရန်ကုန်မြို့မှ ဦးစိန်မောင်၊ဒေါ်ဝင်းမာ မိသားစုတို့မှ ကျပ် ၁၅၀ သိန်းဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။ (အလှူရှင်များစာရင်း နောက်ဆက် တွဲ– ခ)

မှတ်ချက်။ ။ ကျောက်စာချပ်အလှူရှင် ပေါ်ပေါက်သမျှသာ လက်ခံ၍ ကျန်ရှိသည့် လိုအပ်သော ကျောက်စာချပ် အားလုံးကို ဒေါ်မင်းဆီစက် မိသားစုက တာဝန်ယူ လှူဒါန်းသွားမည်ဟု ကြေညာခဲ့သည်။

ကျေးငှက်အများ တောရိုင်း တိရစ္ဆာန်များလည်း ဖူးမြော်

တောရဆရာတော်ဘုရားကြီး၏ သီလဂုဏ်,သမာဓိဂုဏ်နှင့် ထူးကဲသော ပညာဂုဏ်တို့ကြောင့် ရဟန်း ရှင်လူ အပေါင်းတို့က ဆည်းကပ်ခိုလှုံ ဖူးမြော်မဝ ရှိခဲ့ကြသလို ကျေးငှက်အများ တောတိရစ္ဆာန်များကလည်း ဆရာတော်အရိပ်မှာ ခိုလှုံခဲ့ကြသည်။

၁၃၂၅ ခုနှစ် ရှုတင်ဆောင်မထေရ် ဘဝခရီးစတင်ရာ ရွှေစက်တော်ခြေတော်ရိပ်ကို ခိုလှုံရာ၌ အင်းဝ ခေတ်စာဆို အရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွား တောလားရတု ၄ ပိုဒ်တွင် –

"တစ်ကုန်းဆင်းသက်၊ တစ်ကုန်းတက်၍၊ မြိုင်နက်မြိုင်ကြော၊ တစ်တောထွက်ဝင်၊ တစ်တောမြင်က၊ တစ်ပင်ရိပ်နား၊ တစ်ပင်သွား၍၊ တောဖျားမြိုင်နက်။"

"တောကြက်တွန်မြူး၊ ကျေးငှက်ကူး၍၊ သံကျူးမည်စည်၊ စက်ရိပ်လည်၍၊ နေခြည်ဝင်မြောက်၊ ဆည်းဆာရောက်သော်၊ မြောက်ကကြိုးခွေ၊ ဒေါင်းအိုးဝေနှင့်၊ သံခြေကြွေးကြော်၊ ဖိုမခေါ်၏။"

ဟူ၍လည်းကောင်း။

စာဆို၏ခေတ်မှသည် တောရဆရာတော် ရွှေစက်တော်ရိပ် ခိုလှုံသည့် လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်ကာလတိုင်အောင် ကျေးငှက်အများ တောမျောက်များ ဥဒေါင်းများစွာ ရွှေစက်တော်ဝန်းကျင်တွင် ရှိနေဆဲ ဖြစ်သည်။ ဆရာတော်နှင့် ဝန်းကျင်တွင် ခိုလှုံခဲ့ကြသည်။

စာဆိုအရှင် မဟာရဋ္ဌသာရ၏ ရေးဖွဲ့သည့် ရတုပိုဒ်တွင်ပင်–

*"တောခေါင်ပျော်မွေ့၊ ဓလေ့ဖိုးခေါင်း ခေါ်ယောင်ဖန်များ၊ တောလုံးကြားအောင်၊ ကျားကရုတ်ရုတ်၊ သံကြွတ်ကြွတ်နှင့်၊ သစ်ကြွတ်ပြေးလွှား၊ ကြောင်ဖားပြေးခုန်၊ ဈေ့ယုန်ပြေးသန်း၊ နွယ်တန်းကိုင်လျောက် သစ်တောက်ငှက်တော်၊ သံကျော်ဆက်ရက်၊ မြီးဆက်ဖားဖား၊ ခွေးကျားခွေးရွှေ ဝံပုလွေနှင့်၊ ချေကလည်းဟောက်၊ တောက်သည့်သမင်၊ ဆင်ကကျိုးကျည်၊ ပျော်ဖွယ်စည်သည်"*ဟူသော အရေးအဖွဲ့ ဖော်ပြသည့်အတိုင်းပင်

သတ္တမ

၁၃၂၇ ခုနှစ် စကုမြို့နယ်၊ မြောင်ဦး ရန်ကင်းတာရကျောင်းအနီးဝန်းကျင်တွင် ကျားသစ် မိသားစု လာရောက် မွေးဖွားခြင်းနှင့် တောသမင်များ ကျောင်းဝင်းအတွင်း သစ်ပင်ကြီးများအရိပ်တွင် လာရောက်နားခိုသည်ကို စာရေးသူကိုယ်တိုင်နှင့်ရဟန်းရှင်လူများစွာ တွေ့မြင်ကြရပါသည်။

၁၃၅၇ ခုနှစ် ရမည်းသင်းမြို့နယ် နဘူးကျင်း ရန်ကင်းတောရကြီး ကျောင်းဝင်းအတွင်းရှိ သစ်ပင် များနှင့် ကုဋီ ၂ လုံးတွင် ပျားအုံများစွာ အုပ်စုဖွဲ့ပျားစွဲ။ ဘေးရန်မရှိရာ အရပ်တွင် လာရောက် ခိုလှုံကြသည်ကို စာရေးသူနှင့် ရဟန်းရှင်လူများစွာ မြင်တွေ့ကြရသည်။

၁၃၅၈ ခုနှစ် ယခု နေပြည်တော် လယ်ဝေးမြို့နယ်၊ ထန်းတပင်တောရကြီးသည် ၁၅ ဧကခန့်ကျယ်ဝန်း သည့် သစ်ပင်ကြီးများစွာရှိသည့် ထိုတောအုပ်ကြီးသို့ ဝါတွင်းမိုးကာလ ကြက်တူရွေးများစွာ နှစ်စဉ်တိုင်း ရောက်လာ နားခိုသည်ကို စာရေးသူကိုယ်နှင့် ရဟန်းရှင်လူများစွာတို့ မြင်ကြတွေ့ကြပြီး (ကြက်တူရွေး ကောင်ရေ ၄၅၀၀၀ ခန့်ဖြစ်ကြောင်း ဟိမဝန္တာမှာ မိုးများလို့ လာရောက်နားခိုကြတာဖြစ်ကြောင်းနှင့် ထိုဒေသ ဝန်းကျင် နေကြာစိုက်ခင်းများကို ဖျက်ဆီးစားသောက်ခြင်းမရှိ သစ်ရွက်နုများကို စားကြောင်း ဆရာတော်က မိန့်ကြားပါသည်။)

လက်ယာနွယ်ရစ် အောင်မြေတော

၁၃၃၄ ခုနှစ် နဘူးကျင်း **ရန်ကင်းတောရကြီး** ပထမနေရာတောအုပ်သည် လက်ယာနွယ်ရစ်အောင်မြေ တောရဖြစ်သည်ဟူ၍လည်းကောင်း–

၁၃၆၀ ခုနှစ် ယခုနေပြည်တော်လယ်ဝေး ထန်းတပင်တောရကြီးသည်လည်း လက်ယာနွယ်ရစ် အောင်မြေတောဖြစ်သည်။ နဘူးကျင်း ရန်ကင်းတောရကဲ့သို့ပင် အောင်မြေဖြစ်သည်။ တောတိုင်းရှိ သစ်ပင်တိုင်း လက်ယာနွယ်ရစ်ခြင်းမရှိဟု ဆရာတော်မိန့်ကြားပါသည်။

အထူးမှတ်ချက် (၁) အထက်ဖော်ပြပါ တောရဆရာတော် နှစ်ပေါင်း ၄၁ နှစ်ကျော် ကာလကြာအောင် တောရအသီးသီး၌ သီတင်းသုံးတော်မူခဲ့ရာ တောရများသို့ ဤစာရေးသူ မိမိသည် အကြိမ်များစွာ လှူးလာ ခေါက်တုံ့ အဖူးအမြော် ရောက်ခဲ့ပါသည်။ ဝန်ထမ်းဘဝ ရဲအရာရှိတစ်ဦးအနေဖြင့် ရောက်ခဲ့သည်မှ အစပြု၍ လေ့လာမှုတွေ့ရှိရသည့် ပြင်ပ ထူးခြားမှုများကို ရေးမှတ်ထားခဲ့ပါသည်။

အထူးမှတ်ချက် (၂) တောရဆရာတော် ရေးသားပြုစုခဲ့သမျှ ကျမ်းစာ ၁၁ အုပ်ရှိရာ ၉ အုပ်ကို မိမိ စာရေးသူဦးသိမ်းဆောင်၊ နေပြည်တော်တပ်ကုန်း ဦးအောင်ခနှင့် ရမည်းသင်း ဦးအောင်လင်းတို့က ဦးဆောင်ပြီး တပည့် ဒါယကာများစွာတို့ပါဝင်သော ကောင်းမှုဖြင့် အကြိမ်ကြိမ်ရိုက်နှိပ် ဖြန့်ဝေ လှူဒါန်းခဲ့ကြပါသည်။

အထူးမှတ်ချက် (၃) ယင်းသို့ ရိုက်နှိပ်ခဲ့ရာတွင် အထက်ဖော်ပြပါ ထူးခြားသော တွေ့ရှိချက်များကို သိမ် ၁၀၀ မှတ်တမ်း နောက်ဆက်တွဲ (က)ဖြင့် တင်ပြခဲ့သော တောရဆရာတော်၏ သာသနာတော်အတွက် နှစ်အလိုက် ဆောင်ရွက်ချက် မှတ်တမ်း"တွင် ဆရာတော် သက်တော်ထင်ရှား ရှိစဉ်ကပင် သံသယကင်းစေရန် မှတ်တမ်းတင် ဖော်ပြခဲ့ပြီးဖြစ်သည်။

အဋ္ဌမ

အထူးမှတ်ချက် (၄) ယခုအခါ "ဓမ္မသံယုတ္တဂါထာခေါ် တရားနှင့်ယှဉ်နေစေချင်" ကျမ်းစာ တတိယ အကြိမ်ရိုက်နှိပ်ရာတွင် တောရဆရာတော်၏ ဘဝ ပုံရိပ် ထေရုပ္ပတ္တိအကျဉ်းသရုပ်ကို ပုံဖော်၍, တစ်မူထူးခြား သည် မျက်နှာဖုံး ဒီဇိုင်းသစ်ကို ဖန်တီး၍ ကြည်ညိုနိုင်ကြပါစေဟူသော စေတနာဆန္ဒဖြင့် မှတ်တမ်းပြု မော်ကွန်းထိုးအပ်ပါသည်။ (ရဟန်းရှင်လူ အပြစ်မယူ ခွင့်လွှတ်နိုင်ကြ၍ ဝမ်းသာကြည်ဖြူ လက်ခံနိုင်ကြပါစေဟု ပန်ကြားအပ်ပါသည်။)

ဆရာတော် ရေးခဲ့သမျှ ကျမ်းစာများသည် ဆရာတော်တဝဖြစ်သည်

တောရဆရာတော် ရေးသားပြုစုခဲ့သည့် ဓုတင်္ဂဝိနိစ္ဆယခေါ် ဓုတင်အဆုံးအဖြတ်ကျမ်းစာနှင့် ဓမ္မသံယုတ္တ ခေါ် တရားနှင့်ယှဉ်နေစေချင် ကျမ်းစာဖော်ပြချက်များသည် တောရဆရာတော် အ[illegible] မြတ်ဗုဒ္ဓ အဆုံးအမကို အတိအကျ လိုက်နာကျင့်သုံးတော်မူခဲ့သော သီလ သမာဓိ ပညာ သိက္ခာသုံးရပ်အကျင့်မြတ်များသာဖြစ်ပေသည်။

ဝိနည်းလေးစားသည့် ပုဂ္ဂိုလ်များကို လွန်စွာကြည်ညို

တောရဆရာတော်ကား ဝိနည်းသိက္ခာပုဒ်များကို အလွန်လေးစားတော်မူသည်။ အခြားရဟန်းတော် များကိုလည်း ဝိနယဂရုက ဖြစ်စေလိုသည်။

သို့သော် အခြားပုဂ္ဂိုလ်က ဝိနည်းအကြောင်း မမေးလျှင်မပြော၊ မေးမှပြောသည်။ ဂါမဝါသီဖြစ်စေ, အရညဝါသီဖြစ်စေ ဝိနည်းသိက္ခာပုဒ်များကို လေးစားလိုက်နာသော ရဟန်း သာမဏေများကို ကြည်ညိုတတ် သည်။ သီတင်းသုံးဖော်အဖြစ် အသိအမှတ်ပြုတတ်သည်။

- ရဟန်းသာမဏေငယ်များကို ပရိယတ္တိသင်ယူရန် အမြဲတိုက်တွန်းသည်။
- ပါသာဒိက ဂုဏ်ဆောင် ရဟန်း ၄ မျိုးကို ပြောပြလေ့ရှိသည်။

ရဟန်း ၄ မျိုး

(၁) ဥပါသိကာ - ဒါယိကာမများသာ ကြည်ညိုခံရသောရဟန်း - ညံ့။

(၂) ဥပါသကာ - **ဒါယကာများပါ** ကြည်ညိုခံရသောရဟန်း - သင့်။

(၃) သီတင်းသုံး**ဖော်အချင်းချင်း** ကြည်ညိုခံရသော ရဟန်း - တော်။

(၄) မိမိကိုယ်ကိုမိမိ ကြည်ညိုနိုင်သောရဟန်း အတိသုန္ဒရ- အတော်ဆုံး ဟူ၍ဖြစ်သည်။

ထို (၄) မျိုးအနက် အစဉ် (၄) ရဟန်းမျိုး ဖြစ်စေလိုသည်ဟု အကျဉ်းသင့်သည့်အခါတိုင်း မိန့်ကြား လေ့ ရှိသည်။

သိက္ခာသုံးရပ် အကျင့်မြတ်၌ တည်သော အရှင်မြတ်ကြီးများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၌ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်များနှင့် ပြည့်စုံတော်မူသည့် အရှင်မြတ်ကြီးများစွာ ရှေးကပင် စဉ်ဆက်မပြတ် ပေါ်ထွန်းတော်မူခဲ့ပါသည်။

ထိုအရှင်မြတ်ကြီးများစွာ ပေါ်ထွန်းခဲ့သည့်အနက်မှ အရှင်မြတ်ကြီးအချို့၏ ဘွဲ့တော် မွေးဖွားခုနှစ်၊ လွန်တော်မူသည့် ခုနှစ် သက်တော်အလိုက် သဒ္ဓါကြည်ညိုနိုင်ကြစေရန် အောက်ပါအတိုင်း ဖော်ပြပူဇော် လိုက်ရပါသည်။

အစဉ်	အရှင်မြတ်ကြီးများ	ဖွားရာနှစ်	လွန်တော်မူနှစ်	သက်တော်
၁။	ဘုန်းတော်ကြီး ဦးသီလ	၁၁၉၄	၁၂၆၉	၇၅ နှစ်
၂။	လယ်တီဆရာတော်	၁၂၀၈	၁၂၈၅	၇၇ နှစ်
၃။	ညောင်လွန့်တောရဆရာတော်	၁၂၁၉	၁၂၉၅	၇၄ နှစ်
၄။	သထုံဇေတဝန်ဆရာတော်	၁၂၃၀	၁၃၀၆	၇၆ နှစ်
၅။	သေကျွတောင်ဆရာတော်	၁၂၃၃	၁၂၉၉	၆၆ နှစ်
၆။	မိုးညှင်းသမ္ဗုဒ္ဓေဆရာတော်	၁၂၃၄	၁၃၂၆	၉၂ နှစ်
၇။	မြင်းခြံစွန်းလွန်းဆရာတော်	၁၂၃၉	၁၃၁၄	၇၅ နှစ်
၈။	မူလသပိတ်အိုင်တောရဆရာတော်	၁၂၅၅	၁၃၃၁	၇၆ နှစ်
၉။	တောင်ပုလုဆရာတော်	၁၂၅၈	၁၃၄၈	၉၀ နှစ်
၁၀။	မိုးကုတ်ဆရာတော်	၁၂၆၁	၁၃၂၄	၆၃ နှစ်
၁၁။	အမရပူရမဟာဂန္ဓာရုံဆရာတော်	၁၂၆၁	၁၃၃၉	၇၈ နှစ်
၁၂။	မဟာစည်ဆရာတော်	၁၂၆၆	၁၃၄၄	၈၁ နှစ်
၁၃။	မင်းကွန်းတိပိဋကဓရ ဆရာတော်	၁၂၇၃	၁၃၅၄	၈၁ နှစ်

စသည် အရှင်မြတ်ကြီးများသည် သာသနာ့သမိုင်း၌ နေလို လလို ထင်ရှားတော်မူ၊ သာသနာတော်အတွက် အသက်နှင့်လဲ၍ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကိုဆောက်တည်၊ သာသနာတော်ကြီးအရှည်တည်တံ့စေရန် နည်းမျိုးစုံဖြင့် ရွက်ဆောင်တော်မူခဲ့သော အရှင်မြတ်ကြီးများဖြစ်ကြောင်း မှော်ဘီစရိယ ဦးဌေးလှိုင်ရေးသည့် "မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ ကျမ်းစာ"တွင်လည်းကောင်း ထိုထို ကျမ်းစာ စာအုပ်စာတမ်းများတွင်လည်းကောင်း လေ့လာနိုင်ကြပါသည်။

သူတော်ကောင်းကြီးများကို မြင်အောင် ကြည့်ကြပါစေလို

- လောကကြီးကောင်းအောင် သူတော်ကောင်းကြီးများစွာ ရှိနေဖို့လိုပါသည်
- သူတော်ကောင်းကြီးများ အဆက်မပြတ် ပေါ်ထွန်းခဲ့သည်။ ဆက်လက်ပေါ်ထွန်းနေသည်ကို ဉာဏ်မျက်လုံးဖြင့် မြင်အောင် ကြည့်နိုင်ကြရန် လိုမည်ဖြစ်ပါသည်။

သူတော်ကောင်းကြီးများ တစ်ပါးပြီးတစ်ပါး ပေါ်လာ၊ တစ်ပါးပြီးတစ်ပါး ကွယ်ပျောက်၊ ကြုံဆုံခွင့်ရပါလျက် သတိမမူနိုင်ကြသည်ကို သတိမူနိုင်ကြစေချင်ပါသည်။

ဤလောကကြီးထဲ၌ သူတော်ကောင်း အစစ်ကြီးများတည်ရာ သူတော်ကောင်းတရားအစစ်အမှန်တည်ရာသည် မြန်မာပြည်၌သာ ရှိနေသည်ကို အရှင်မြတ်ကြီးများစွာတို့က ရေးပြ၊ ဟောပြ၊ ထောက်ပြလျက်လည်း ရှိနေပါသည်။

မြတ်နိုးဖွယ်ရာ ထိပ်တန်းမြန်မာ

မြတ်နိုးဖွယ်ရာ ထိပ်တန်းဆိုသော ဝေါဟာရ၏ အနက်အဓိပ္ပာယ်နှင့် အနှစ်သာရကို ရင့်ကျက်သော အမြင်ဖြင့် ဖွင့်ဆိုပါက သီလ သမာဓိ ပညာ သိက္ခာသုံးရပ် ကိုယ်ကျင့်သီလဆိုင်ရာ ပြည့်စုံမှု သီလဝိသုဒ္ဓိသာ ဖြစ်ပါသည်။

ဤကမ္ဘာ၌ ထိပ်တန်းဆိုသော ကမ္ဘာ့နိုင်ငံကြီးများ၏ မိုးထိမြင့်မားသော တိုက်တာကြီးများနှင့်ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှုများသည် စဉ်စစ်မြတ်နိုးဖွယ်ရာ ထိပ်တန်းမဟုတ်ပေ။

လောကီအတတ်ပညာ ပိုင်းဆိုင်ရာများသည်လည်း မြတ်နိုးဖွယ်ရာ ထိပ်တန်းမဟုတ်ပေ၊ ကိုယ်ကျင့်ဂုဏ်ရည် ကိုယ်၌တည်၍, သူတော်ကောင်းတရား လက်ကိုင်ထား၍ ကျင့်သုံးနိုင်မှုသာ ပဓာနဖြစ် လေသည်။

ဤနေရာ၌ အောက်ပါဓမ္မပဒဂါထာ ၉၈ ၏ အဆိုအမိန့်ကို တင်ပြပါမှ ပို၍ ထင်ရှားမည် ဖြစ်ပါသည်။ မှတ်သားလိုက်နာဖွယ်လည်း ကောင်းလှပါသည်။

ဂါမေ ဝါ ယဒိ ဝါ ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။

ယတ္ထ အရဟန္တော ဝိဟရန္တိ၊ တံ ဘူမိ ရာမဏေယျကံ။ (ဓမ္မပဒဂါထာ ၉၈)

မြန်မာပြန် – ဒေသတစ်ခုသည် "ရွာ"ဖြစ်ချင်ဖြစ်မည်။ "တော"ဖြစ်ချင်ဖြစ်မည်။ "ချိုင့်ဝှမ်း"ဖြစ်ချင်ဖြစ်မည်။ "ကြည်းကုန်း" ဖြစ်ချင်ဖြစ်မည်။

သို့ရာတွင် မည်သို့ပင်ဖြစ်စေ၊ အကျင့်သီလနှင့် ပြည့်စုံသော သူတော်ကောင်းများ နေထိုင်ရာဖြစ်ရိုးမှန်ပါက ထိုနေရာ ထိုဒေသသည် ဤကမ္ဘာမြေပေါ်တွင် "မြတ်နိုးဖွယ် ထိပ်တန်းဖြစ်၍ မွေ့လျော်ဖွယ်အကောင်းဆုံး ဖြစ်ပါ၏"ဟူ၍ ဖြစ်လေသည်။

"မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ"ဟူသော ဗြဟ္မဝိဟာရတရားများ ကမ္ဘာ့လူသားအားလုံးတို့၏ နှလုံးသားမှာ တည်ပါမှ ဤလောကကြီး ငြိမ်းချမ်းသာယာ၍ မြတ်နိုးဖွယ်ရာ ထိပ်တန်း မွေ့လျော်ဖွယ်ရာ အကောင်းဆုံးသောနေရာ ဖြစ်ပေလိမ့်မည်။

အမြတ်ဆုံး ပူဇော်ခြင်းဖြင့်

ပြည်ထောင်စု မြန်မာနိုင်ငံ သာသနာတော် သမိုင်း၌ ပရိယတ္တိနှင့် ပဋိပတ္တိနှစ်ရပ် စွယ်စုံ မြင့်မြတ်သည့်, ဂုဏ်အပေါင်းနှင့်ပြည့်စုံ လွန်ထူးခြားသည့် "နဘူးကျောင်း တောရ ဆရာတော်ဘုရားကြီး၏ နှစ်လေးဆယ်ကျော် ရုတင်ဆောင်ခရီး" မှတ်တမ်းကြီးကို ရေးသားပြုစုပုံနှိပ်ဖြန့်ဝေ လှူဒါန်းနိုင်ရေး အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသော မိမိစာရေးသူသည် ထိုမှတ်တမ်းကြီးမှ လိုရာကောက်နုတ် အကျဉ်းချုပ်၍, ဤကျမ်းစာဒုတိယအကြိမ် ရိုက်နှိပ်စဉ်က ဖော်ပြခဲ့သော ဆရာတော်၏ထေရုပ္ပတ္တိအကျဉ်းကို အခြေခံ၍ ဆရာတော်၏ဘဝနိဂုံးပိုင်းပါ ဖြည့်စွက်လျက် ဆရာတော်ဂုဏ်ပြုပြအကျဉ်းမျှကို မှတ်တမ်းတင် ရေးသား အမြတ်ဆုံး ပူဇော်ခြင်းဖြင့် တင်ပြ ပူဇော်လိုက်ရပါတော့သည်။

ရေးသားပူဇော်သူ

တပည့် သိမ်းဆောင် (ရမည်းသင်း)
မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် (၇၃၅၉)

ရက်စွဲ။ ။ ၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့် (၂၁–၂–၂၀၀၈) ကြာသပတေးနေ့။

နှုတ်ကျင်းတောရဆရာတော်၏ ပြဿနာ

ထိတ်လန့်ဖွယ်

- မြတ်စွာဘုရားသခင်ကိုပင် သေမင်းသည် မိမိအလိုသို့ အလွန်အကဲ ဆွဲဆောင်သည်သာ ဖြစ်ရကား ဘုရားမှတပါးသော သူတို့ကိုကား ဘယ်မှာဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။ အလွန်အကဲ ဆွဲဆောင်မည်သာ မလွဲကေန် အမှန်ပင်ဖြစ်ပေတော့မည်။ ဤကဲ့သို့ သံဝေဂဉာဏ်ကို ပြုအပ်ပြုသင့်လေတော့သည် တကား။

တိုက်တွန်းခြင်း

- အလုံးစုံသောရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည် အတည်အမြဲ မရှိကြကုန်။ ထိုအမြဲမရှိသော တရားသဘောကို လွန်မြောက်အောင်ပြုရန် နေ့ညဥ့်မလပ် အခါခပ်သိမ်း ထိုရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို အဖန်ဖန် ဉာဏ်သွင်း၍ ထင်လင်းအောင် ရှုမှတ်ဆင်ခြင်ရာ၏။
- ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ ဖြစ်ခြင်းကို ဘဝဟုခေါ်ဆိုကြသည်။ အနှစ်မရှိသော ထိုဘဝကို စွန့်လွှတ်ပြီး၍ အနှစ်ရှိသော နိဗ္ဗာနဓာတ်ကို ရရန်အကျိုးငှာ အလုံးစုံသောသူတို့သည် နေ့ရောညပါ အခါခပ်သိမ်း အမြဲမပြတ် တရစပ်ပင် ကမ္မဋ္ဌာန်းအလုပ် အားထုတ်မှုကို ပြုအပ်၏။ ဤသို့လျှင် တိုက်တွန်းစကား မှာကြားအပ်ပါ၏။

မှတ်ချက်

တောရဆရာတော်ရေး ဆရာတော် (၂)ပါး ထေရုပ္ပတ္တိနှင့် သိမ် (၁၀၀) မှတ်တမ်း ဘုရားဖြူ ဆရာတော် ထေရုပ္ပတ္တိ စာမျက်နှာ ၃၉ မှ ကောက်နုတ်ဖော်ပြပါသည်။

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
	ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီအေ)၏ နိဒါန်း	က/င
(က)၊ (ခ)	တရားနှင့်အညီ ရွတ်ဆိုပြီ (ပဏာမရှိခိုးခြင်း)	၁
၁၊ ၂	သီလ, အယူ, အကျင့်မှန်၍ ကောင်းစွာကျင့်စေလို	၂
၃၊ ၄	ထူးသောဉာဏ်များ ရနိုင်ခြင်းငှာ ကျင့်စေလို	၃
၅၊ ၆	မချွတ်မယွင်း ကျင့်စေလိုခြင်းနှင့် ငွေသည်လောဘတိုးပွားခြင်း	၄
၇၊ ၈	သိုမှီးသိမ်းဆီးထားခြင်းသည်၊ တဏှာအညစ်အကြေး	၅
၉၊ ၁၀	ရွှေငွေသည် ရဟန်းသီလ ညစ်နွမ်းခြင်း	၆
၁၁၊ ၁၂	မြတ်စွာဘုရား အဆုံးအမ၌ မတည်ခြင်းသည် ရှက်ဖွယ်	၇
၁၃၊ ၁၄	ရွှေငွေသည် သူတော်ကောင်းကြီးတို့၏ ဥစ္စာဘဏ္ဍာ မဖြစ်ရာ	၈
၁၅၊ ၁၆	သီလစင်ကြယ်ခြင်းငှာ၊ မဂ်ရခြင်းငှာ နိဗ္ဗာန်ရခြင်းငှာ ပယ်စွန့်	၉
၁၇၊ ၁၈	သူကြွယ်ကြီးနှင့်တူသော ရဟန်းမဖြစ်စေလို	၁၀
၁၉၊ ၂၀	မြတ်စွာဘုရား စက်ဆုတ်တော်မူသော အသက်မွေးမှုကို မပြုအပ်	၁၁
၂၁၊ ၂၂	မြစ်ကြီးကို ကူးနိုင်ပါလျက် ရေအိုင်ငယ်၌ မနစ်မြုပ်စေလို	၁၂
၂၃၊ ၂၄	လဲလှယ်ခြင်းမှ ဖြစ်ပေါ်လာသော ဘဏ္ဍာသည် မစင် ကျင်ကြီး	၁၃
၂၅၊ ၂၆	သီလမစင်ကြယ်ဘဲ၊ ရှုမှတ်ခြင်းသည် ဈာန်, မဂ်သို့ မရောက်နိုင်	၁၄
၂၇၊ ၂၈	သီလစင်ကြယ်စေ၍ ကမ္မဋ္ဌာန်းအလုပ်အားထုတ်သင့်	၁၅
၂၉၊ ၃၀	သူတစ်ပါးအပြစ်မြင်လွယ်၊ မိမိအပြစ်မြင်ခဲ	၁၆
၃၁၊ ၃၂	သူ့အပြစ်မရှာဘဲ၊ မိမိအပြစ်သာ ရှု၍ပြင်ပါ	၁၇
၃၃၊ ၃၄	သူတစ်ပါးအပြစ်ကိုသာရှာသူသည် နိဗ္ဗာန်မှ ဝေးမည်	၁၈

၃၅၊ ၃၆	မိမိအပြစ်ပြသူကို ရွှေအိုးပေးလာသူဟုမှတ်	၁၉
၃၇၊ ၃၈	မှန်ကို ဆောင်လေဘိသို့ အပြစ်ပြသူကို အလိုရှိအပ်၏။	၂၀
၃၉၊ ၄၀	သီးခံခြင်းသည်၊ အောင်ခြင်း	၂၁
၄၁၊ ၄၂	ပြစ်တင်, ငြင်းသန်, ခက်ထန်စွာ ဆိုခဲ့ခြင်းသည် အောင်ခြင်းမဟုတ် ရှုံးခြင်း	၂၂
၄၃၊ ၄၄	ပေါင်းဖော်ပယ်စွန့်၊ တစ်ပါးတည်းကျင့်လော့	၂၃
၄၅၊ ၄၆	စ, လယ်, အဆုံး၊ တောဒ္ဓပုန်း၊ကျင့်ထုံးစံပြဒို့ဗုဒ္ဓ	၂၄
၄၇	ဂနိုင်, မြိုင်, တောသည်, မြတ်စွာဘုရားပေးခဲ့သော အမွေပစ္စည်း	၂၅
(ဂ)	နိဂုံးနှင့် စီရင်သည့် ခုနှစ်	၂၅
(ဃ)၊ (င)	ပြီးစီးသည့် လ, ရက်, အချိန် အရှင်တိဿရထေရ် စီရင်	၂၆

တောရဆောက်တည်လိုက စည်းမျဉ်းဥပဒေသခေါ် ကတိကဝတ်များ ၂၇/၂၈

ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီအေ)၏ နိဒါန်း

နမော ဝိဘဇ္ဇဝါဒိနော မဟာကရုဏိကဿ

သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓသေဋ္ဌ၊ ဗုဒ္ဓအမြတ်ဆုံး

အမြတ်ဆုံးဖြစ်သောကြောင့် ဗုဒ္ဓသည် သေဋ္ဌအမည်ကို ရသ__၊ ဤဗုဒ္ဓသေဋ္ဌောဖြင့် သဗ္ဗညုအဖြစ်ကိုပြ၍

- အမှန်အတိုင်း တရားအားလုံးကို သိတော်မူသည်။
- တရားအမှန်ကိုသိသော ဗုဒ္ဓ၏ညွှန်ပြသောနည်းလမ်းမှာ နည်းမှန်လမ်းကောင်း ဖြစ်သည်။
- ထိုနည်းအရ လိုက်နာသူကို တကယ်အကျိုးရှိစေသည်။
- အတုမဲ့ ဗုဒ္ဓက ချီးကျူးအပ်သော မဂ်တရားမှာ အလွန်ကောင်းသော တရားဖြစ်သည်။ ခေကန်မဂ်ရကြောင်း အကျင့်များလည်းဖြစ်သည်။
- အဋ္ဌင်္ဂိက အရိယမဂ်လမ်းကြောင်းမှာ ဘေးရန်ကင်းဝေး အေးချမ်းသာယာသော လမ်းဖြစ်၍ အမြတ်ဆုံးဖြစ်သည်။

တရားနှင့်စပ်ယှဉ်ညီညွတ်ကုန်သော ရေးဖွဲ့မှုများ

အထက်ပါ မြတ်စွာဘုရား ထားခဲ့သည့် ဓမ္မလမ်းကြောင်းအတိုင်း မသွေမဖီ၊ သီလ၊ အယူ၊ အကျင့်တို့ဖြင့် ကောင်းစွာကျင့်သုံး လိုက်နာသော ထေရဝါဒ သံဃာတော်များစွာရှိရာ ဒေသကား မြန်မာနိုင်ငံဖြစ်လေသည်။

ထိုသို့ လိုက်နာကျင့်သုံးလျက်ရှိသော ထေရဝါဒ သာသနာတော်ကြီး မြဲမြဲခိုင်ခံ့ တည်တံ့နေစေရန်နှင့် တစ်စတစ်စ လျော့နည်းလာခြင်း, ပျက်ယွင်းလာခြင်း, ပျောက်ကွယ်သွားခြင်း မရှိစေရန်ဟူသော စေတနာဆန္ဒဖြင့် "တော၌ ကောင်းစွာနေခြင်းကိုသာ နှစ်လိုမွေ့လျော်သည်ဖြစ်၍ တရားစကားပြောခြင်း၌ နည်းပါးသော" တောရဆရာတော်သည် တရားနှင့် စပ်ယှဉ်ညီညွတ်သော "**ဓမ္မသံယုတ္တဂါထာ**"များကို သီကုံးရေးဖွဲ့ခဲ့လေရာ၊ မိမိက "တရားနှင့် ယှဉ်နေစေချင်" ဟူ၍ မြန်မာပြန် အမည်တစ်မျိုး ထပ်မံတိုးလိုက်ခြင်း ဖြစ်ပါသည်။

ဓမ္မသံယုတ္တဂါထာ၏ ဆိုလိုရင်း

ဗောဓိပက္ခိယရတနာ မဂ္ဂင်ရှစ်ဖြာ၊ သီလ, သမာဓိ, ပညာ လက်နက် အင်္ဂါများဖြင့် ဘဝလွတ်မြောက်ရေးအတွက် လောဘ၊ ဒေါသ၊ မောဟများ၏ ဆွဲဆောင်ရာသို့ မလိုက်မိအောင် ယင်းတို့၏ ဆွဲဆောင်ချက်များမှ ရုန်းထွက်နိုင်အောင် ကြိုးပန်းရမည်။ လေ့ကျင့်ရမည်ဖြစ်ကြောင်း။ ယင်းသည်ပင် ဓမ္မသံယုတ္တဂါထာများ၏ ဆိုလိုရင်း အနှစ်သာရဖြစ်ကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။

ယင်းဆွဲဆောင်မှုများမှ ရုန်းထွက်ရန်မှာ လွယ်သည်တော့ မဟုတ်၊ မလွယ်သော်လည်း လွတ်မြောက်အောင်ကား ကြိုးပမ်းရ လေ့ကျင့်ရပေလိမ့်မည်။ ဓမ္မတာအရ တွေ့ကြုံရသော ကိလေသာများ၏ အလိုသို့ လိုက်ပါခြင်းမရှိဘဲ သတိနှင့်ယှဉ်၍ ဖြိုဖျက်တော်လှန်ရမည်ဖြစ်သည်။ ဤသည်ပင်လျှင် တရားနှင့်ယှဉ်၍ နေခြင်းဖြစ်တော့သည်။

မာရ်နတ်၏ တပ်မကြီးများ

ဘဝလွတ်မြောက်ရေးအတွက်၊ ရုန်းထွက်မည့်သူ မှန်သမျှကို မာရ်နတ်သည် နည်းမျိုးစုံ တို့ဖြင့် တားဆီးပိတ်ပင်ကန့်ကွက် နှောင့်ယှက်မြဲဖြစ်၏။ မြတ်စွာဘုရားနှင့်ဘုရား၏ တပည့်သားသာဝက မှန်သမျှတို့သည် တိုက်ခိုက်ခံရမြဲဖြစ်ခဲ့၏၊ ယခုလည်း တိုက်ခိုက်ဆဲ နောင်လည်း တိုက်ခိုက်နေဦးမည်သာ ဖြစ်သည်။

ရုန်းထွက်ရမည့် ဝတ္ထုကာမနှင့် ကိလေသာကာမများကို မာရ်နတ်၏ တပ်မကြီး ဆယ်တပ်အဖြစ်ဖြင့် တင်စား၍ ကျမ်းဂန်များ၌ ဆိုသည်ကို လေ့လာတွေ့ရှိရ၏။

သို့ဖြစ်၍ ဤဓမ္မသံယုတ္တဂါထာပါ အကြောင်းအရာများနှင့် မာရ်နတ်၏ တပ်မကြီး ဆယ်တပ်ကို ယှဉ်ကာဟတ်လျက် မြင်သာ၊ ရှောင်သာနိုင်ပါရန် အကျဉ်းမျှ ကောက်နှုတ်တင်ပြ လိုက်ရပါသည်။

မာရ်နတ်၏ ပထမတပ်မ

"ဝတ္ထုကာမနှင့် ကိလေသာကာမ"များမှာ မာရ်နတ်၏ ပထမတပ်မများပင် ဖြစ်၏။ ထိုပထမတပ်မ၌ နစ်မြုတ်ကျဆုံးခြင်း မရှိရလေအောင် ရှောင်ကွင်းနိုင်အောင် ဤဓမ္မသံယုတ္တဂါထာများ၌ အများဆုံး အလေးထားဖော်ပြသည်ကို တွေ့ရမည် ဖြစ်၏။

မာရ်နတ်၏ ဒုတိယတပ်မ

ရုန်းထွက်ခြင်းလုပ်ငန်း၌ မမွေ့လျော်ခြင်း၊ "အရတိ"ဖြစ်၏။ မိမိအကျိုးရှိမှ လုပ်ချင်၏။ အများအကျိုးလုပ်ငန်း၌ မွေ့လျော်ခြင်းမရှိ။ ဣန္ဒြေငါးပါးကို ထိုက်သင့်သလို ဣဒ္ဓိပါဒ်အဖြစ်သို့ ရောက်အောင်ကြိုးပမ်းရ၏။

မာရ်နတ်၏ တတိယတပ်မ

မိမိ၌ဆင်းရဲငတ်မွတ်ခြင်း"ခုပ္ပိပါသာ" တွေ့ရမြဲဖြစ်၏။ ထိုဒုက္ခကို မခံနိုင်သဖြင့် အများအကျိုးဆောင်ပြ မိမိအကျိုး ဦးတည်၊ ပူဇော်ခံရလို, နေရာရလို, ထင်ပေါ်ကျော်ကြားလိုသည့်ဘက် လှည့်သွားလျှင် တတိယတပ်မ၌ ကျဆုံးခြင်းဖြစ်၏။

မာရ်နတ်၏ စတုတ္ထတပ်မ

ပင်ပန်းခြင်း ဒုက္ခကို မခံနိုင်လျှင် ပျင်းရိခြင်း "တဏှာ"ဖြစ်၏။ သက်သာစွာနေလိုခြင်း ဆန္ဒအရ ထိုလုပ်ငန်းမှ ရှောင်ကွင်းတော့၏။ စတုတ္ထတပ်မ၌ ကျဆုံးခြင်းပင်။

မာရ်နတ်၏ ပဉ္စမတပ်မ

ပင်ပန်းလွန်းသောအခါ မိမိ၌ ငိုက်မျဉ်းခြင်း "ထိနမိဒ္ဓ" ဖြစ်ခြင်းသည် ပဉ္စမတပ်မနှင့် တွေ့ခြင်းဖြစ်၏။ စကြိန်အစွန်း၌ ငိုက်မျဉ်းခြင်း ဝင်လာသော အရှင်မဟာမောဂ္ဂလာန်အား မြတ်စွာဘုရားက တန်ခိုးတော်ဖြင့် တရားပြ ထိတ်လန့်စေမှ ရဟန္တာအဖြစ်သို့ ရောက်တော်မူခဲ့၏။

မာရ်နတ်၏ ဆဋ္ဌမတပ်မ

ပင်ပန်း၊ အိပ်ရေးမဝ၊ ကျန်းမာရေးပျက်လျှင် ကြောက်ရွံ့ခြင်း "ဘီရု"ဖြစ်၏။ အကျိုးမဲ့ သေရပေါင်းများပြီ၊ အကျိုးရှိရှိသေမည်ဟု စိတ်ကို ထားရာ၏။

မာရ်နတ်၏သတ္တမတပ်မ

မျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာသေးသောအခါ ယုံမှားမှု "ဝိစိကိစ္ဆာ"သည် သတ္တမတပ်မနှင့် တွေ့ခြင်းဖြစ်၏။ ကြောင်းကျိုးညီညွတ်၊ သီလ, သမာဓိပြည့်စုံလာသောအခါ ပညာအလင်းရောင်လာမည် ဖြစ်၏။

မာရ်နတ်၏ အဋ္ဌမတပ်မ

အောင်မြင်ရိပ်တွေ့သည်နှင့် တပြိုင်နက် ရှေ့သွားပုဂ္ဂိုလ်၏ ကျေးဇူးကို ချေဖျက်မှု "မက္ခ"နှင့် မိမိကိုယ်ကို တစ်စင်ထောင်လိုမှု "ထမ္ဘ"တို့ ဖြစ်လာတတ်၏။ အဋ္ဌမတပ်မဥ္စကျဆုံးခြင်း ဖြစ်တော့၏။

မာရ်နတ်၏ နဝမတပ်မ

တွယ်တာခြင်း "တဏှာ"နှင့် အထင်ကြီးခြင်း "မာန"သည် ဖြစ်ပေါ်လာလျှင် နဝမတပ်မဥ္စ ကျဆုံးခြင်းသည် မည်တော့၏။ ဦးတိုက်သူများ၊ မြှောက်သူများ၊ ဝိုင်းဝိုင်းလည်လာသောအခါ အန္တရာယ်များဟူ၍ ဘတိပြုရာ၏။

မာရ်နတ်၏ ဒသမတပ်မ

မိမိကိုယ်ကို ချီးမြှောက်ပြောဆိုခြင်း "အတ္တုက္ကံသန"နှင့် သူတစ်ပါးကို နှိမ်ချပြောဆိုခြင်း "ပရဝမ္ဘန"တို့ကား မာရ်နတ်၏ ဒသမမြှောက်တပ်မဥ္စ ကျဆုံးခြင်းဖြစ်လေသည်။ လောကကို "ကတညုတ" မျက်လုံးဖြင့် ကြည့်မှ အသုံးမကျသူလောက၌ မရှိကြောင်း တွေ့မည်ဖြစ်၏။

ဆရာတော်၏ ဓမ္မသံယုတ္တဂါထာများကို ရဟန်းတော်တိုင်း နှုတ်တက်ရအောင် အာဂုံဆောင် ထားသင့်ပါသည်ဟု ရည်ညွှန်းလျှင် လွန်မည်မထင်ပါ။ ကိုယ်တိုင်ဖတ်ကြည့်က သဘောကျလာ ပါလိမ့်မည်။ အာဂုံပြဋ္ဌာန်းသော စာမေးပွဲအတန်း၌ ပါဝင်အောင် ပြုလုပ်ပေးရလျှင် သာမဏေများနှင့် ရဟန်းတော်များအတွက် ပို၍ ကောင်းကျိုးတရား တိုးပွားနိုင်ပေမည်ဟု နိဒါန်းရေးသူ၏ စိတ်သဏ္ဌာန်ဉာဏ်အမြင်၌ ဓမ္မသံယုတ္တဂါထာများကို ဖတ်နေခိုက် ဖတ်နေရင်း မြင်လာမိပါသည်။ ရဟန်းတော်ဖြစ်လာလျှင်၊ ထိုဓမ္မသံယုတ္တဂါထာများကို အားလုံးအလွတ် ရအောင် အာဂုံဆောင် မထားနိုင်လျှင်တောင်မှ−

၂၁။ ယထာ နဒီ, တိဝိတ္တာရဲ၊ ယော တိဏ္ဏောပိ' တိရုဒ္ဒကော။
သရေ စေပိ နိမုဇ္ဇေယျ၊ န ထုတော သော ဟိ နိန္ဒိတော။ (ပထျာ)

၂၂။ ဧဝမေဝ မဟာကာမေ၊ ပဗ္ဗဟဏ္ဏောပိ ယော ယတိ။
ပရေဟိ ဒိန္နဘဏ္ဍောသု၊ လဂ္ဂေယျ သော တိနိန္ဒိတော။ (ပထျာ)။

နှစ်ဂါထာကို ရဟန်းတော်တိုင်း ပါဠိအနက်အရ ကျက်ထားသင့်သည်ဟု ဉာဏ်အမြင်မှာ ရှိုးသားစွာ ထင်လာမိပါသည်။

တောင်းဆုပတ္ထနာ

တောရဆရာတော်၏ မဃ္ဃဒေဝသံယုတ္တမည်တွင် တရားနှင့်ယှဉ်နေစေချင်သည့် စေတနာဆန္ဒများအရ တင်ပြခဲ့ပြီးသော မာရ်နတ်၏ တပ်မဆယ်တပ်တွင် ကျဆုံးခြင်း မရှိရအောင် ရှောင်ကွင်းနိုင်ကြကုန်လျက် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ မပြတ်လည်ရာ သံသရာမှ အစဉ်ငြိမ်းအေးသော နိဗ္ဗာန်သို့ရောက်အောင် ရုန်းထွက်တော်မူနိုင်ကြပါစေဟူ၍လည်းကောင်း ရုန်းထွက်နိုင်သည် ဖြစ်ရပါလို၏ ဟူ၍လည်းကောင်း တောင်းဆုပတ္ထနာပြုလျက်

နိဒါန်းဤစာ၊ ရည်ညွှန်းပါအံ့၊ ဖြစ်လာကုန်ကြ၊ လူ့လောကဝယ်၊ ဘဝတန်ဖိုး၊ ချစ်မြတ်နိုး၍၊ ကောင်းကျိုးတရား၊ နှလုံးသား၌၊ တိုးပွားဖို့ကို၊ လူတိုင်းလို၏။ ထိုသို့လိုလျှင် သူတော်စင်တို့၊ ဉာဏ်မြင်ရှေ့သွား၊ ယူမမှားဘဲ၊ တရားယှဉ်သော၊ ဉာဏ်မြင်နှောသည့်၊ သဘောအမှန်၊ ကောင်းကျိုးသန်အောင်၊ **မဃ္ဃဒေဝသံယုတ္တ**၊ ဂါထာလှကို ရအောင်ကျက်ကာ၊ ကျင့်ဆောင်ပါဟု၊ သံသာချုံခွန်း၊ ညွှန်းတိုက်တွန်းသည်၊ မော်ကွန်းနိဗ္ဗာန် တိုင်စေသော်။

မင်းကြည် (မဟာစရိယ ဘီအေ)
ညွှန်ကြားရေးမှူး
သာသနာတော်ထွန်းကားပြန့်ပွားရေး
ဦးစီးဌာန။

ရက်စွဲ ၁၅-၁-၉၉

ဓမ္မသံယုတ္တဂါထာ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(က) အာကာသေ သောဘမာနံဝ၊ တိလောကေ သောဘမာနဉ္စ။
သ ပဘံဝ သဓမ္မဉ္စ၊ သတာရံဝ သသံဃဉ္စ။ ။ (ဝတ္တ)

(ခ) စန္ဒိမံ ဝိယ သမ္ဗုဒ္ဓံ၊ အာဒရေန နမာမျဟံ။
နမေတွာ ဓမ္မသံယုတ္တံ၊ ဂါထံ ဝက္ခာမိ သတ္တန္နံ။ ။ (ဝတ္တ)

တရားနှင့်ညီ ရွတ်ဆိုပြီ

(က) အာကာသေ၊ ကောင်းကင်၌။ သောဘမာနံဝ၊ တင့်တယ်သကဲ့သို့။ တိလောကေ၊ သုံးပါးသောလောက၌။ သောဘမာနဉ္စ၊ တင့်တယ်တော်မူသည်လည်းဖြစ်သော။ သပဘံဝ၊ အရောင်ရှိသကဲ့သို့။ သဓမ္မဉ္စ၊ တရားရှိတော်မူသည်လည်းဖြစ်သော။ သတာရံဝ၊ ကြယ်တာရာ အခြံအရံ ရှိသကဲ့သို့။ သသံဃဉ္စ၊ ရဟန်းသံဃာအခြံအရံ ရှိတော်မူသည်လည်းဖြစ်သော–

(ခ) စန္ဒိမံ ဝိယ၊ လကဲ့သို့သော။ ဝါ၊ လနှင့်တူသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အာဒရေန၊ ရိုသေလေးစားသောအားဖြင့်။ အဟံ၊ ခန္တာငါးခု၊ ရုပ်နာမ်စုကို ငါဟုသမုတ် အကျွန်ုပ်သည်။ နမာမိ၊ ညွှတ်ကိုင်းရှိခိုးပါ၏။ နမေတွာ၊ ညွှတ်ကိုင်းရှိခိုးပြီး၍။ ဓမ္မသံယုတ္တံ။ တရားနှင့်ယှဉ်သော။ ဝါ၊ တရားနှင့်ညီညွတ်သော။ ဂါထံ၊ ရွတ်ဆိုစရာ ဂါထာကို။ သတ္တန္နံ၊ ရိုသေစွာ။ ဝက္ခာမိ၊ ဆိုပေအံ့။

မှတ်ချက်။ ။ ဤဂါထာတို့၌ ကောင်းကင်နှင့်လောက, အရောင်နှင့်တရား, ကြယ်တာရာနှင့် သံဃာ, လနှင့်မြတ်စွာဘုရား ဤလေးပါးစုံတို့ကို ဥပမာန– ဥပမေယျ– ပြုလုပ်နှိုင်းယှဉ် တန်ဆာဆင်၍ ဆိုထားပါသည်။

၁။ ဝိနယေ ဒုပ္ပဋိပ္ပန္နော၊ ပပ္ပေါတိ သီလနာသနံ။
သုတ္တန္တေ ဒိဋ္ဌိဝိပ္ပန္နံ-ဘိဓမ္မေ စိတ္တခိတ္တကံ။ ။(ပဏ္ဍာ ဝတ္တ)
၂။ တသ္မာ သီလသမ္ပန္နတ္တံ၊ သမ္ပန္နတ္တဉ္စ ဒိဋ္ဌိယာ။
စိတ္တဿာပိ အခိတ္တတ္တံ၊ ဝိနယာဒီသု သိက္ခယေ။ ။ (ဝိပုလာ)

သီလ, အယူ, အကျင့်မှန်၍ ကောင်းစွာကျင့်စေလို

၁။ ဝိနယေ၊ ဝိနည်း၌။ ဒုပ္ပဋိပန္နော၊ မကောင်းသဖြင့် ကျင့်သူသည်။ သီလနာသနံ၊ သီလပျက်စီးခြင်းသို့။ ပပ္ပေါတိ၊ ရောက်တတ်၏။ သုတ္တန္တေ၊ သုတ္တန်၌။ ဒုပ္ပဋိပန္နော၊ မကောင်းသဖြင့် ကျင့်သူသည်။ ဒိဋ္ဌိဝိပ္ပန္နံ၊ အယူပျက်စီးခြင်းသို့။ ပပ္ပေါတိ၊ ရောက်တတ်၏။ အဘိဓမ္မေ၊ အဘိဓမ္မာ၌။ ဒုပ္ပဋိပ္ပန္နော၊ မကောင်းသဖြင့် ကျင့်သူသည်။ စိတ္တခိတ္တကံ၊ စိတ်ပျံ့လွင့်ခြင်းသို့။ ပပ္ပေါတိ၊ ရောက်တတ်၏။

၂။ တသ္မာ၊ ထို့ကြောင့်။ သီလသမ္ပန္နတ္တဉ္စ၊ သီလ၏ ပြည့်စုံခြင်းအကျိုးငှာလည်းကောင်း၊။ ဒိဋ္ဌိယာ၊ မှန်သောအယူ၏။ သမ္ပန္နတ္တဉ္စ၊ ပြည့်စုံခြင်းအကျိုးငှာလည်းကောင်း။ စိတ္တဿာပိ၊ စိတ်၏လည်း။ အခိတ္တတ္တဉ္စ၊ မပျံ့မလွင့်ခြင်းအကျိုးငှာလည်းကောင်း။ ဝိနယာဒီသု၊ ဝိနည်းစသည်တို့၌။ ဝါ၊ ဝိနည်းသုတ္တန်အဘိဓမ္မာတို့၌။ သိက္ခယေ- သိက္ခေယျ ကျင့်ရာ၏။

မြန်မာပြန်သက်သက်

၁။ ဝိနည်းသိက္ခာပုဒ်၌ အကျင့်မကောင်းသူသည် သီလပျက်စီးခြင်းသို့ ရောက်တတ်၏။ သုတ္တန်တရား၌ အကျင့်မကောင်းသူသည် မှန်သောအယူပျက်စီးခြင်းသို့ ရောက်တတ်၏။ အဘိဓမ္မသဘာဝ တရား၌ အကျင့်မကောင်းသူသည် စိတ်ပျံ့လွင့်ခြင်းသို့ ရောက်တတ်၏။

၂။ ထို့ကြောင့် အကျင့်သီလပြည့်စုံရန်, မှန်သောအယူအသိအတွေ့အကြုံပြည့်စုံရန်, စိတ်မပျံ့လွင့်(မရှူး)ရန် ဝိနည်း, သုတ္တန်, အဘိဓမ္မာသဘောတရားတို့၌ ကောင်းစွာကျင့်ရာ၏ (ကျင့်ကြပါဟု တိုက်တွန်း၏)

၃။ ဝိနယေ သုပ္ပဋိပ္ပန္နော၊ တေဝိဇ္ဇော ပုဂ္ဂလော ဘဝေ။
သုတ္တန္တေ စ ဆဠာဘိညော–အဘိဓမ္မေ စတုသမ္ဘိဒေါ။ ။(ပထျာ ဝတ္တ)
၄။ တသ္မာ တေဝိဇ္ဇဆာဘိညံ၊ စတုက္ကပဋိသမ္ဘိဒံ။
လဘိတုံ ဝိနယာဒီသု၊ သာဓုကံ ပဋိပဇ္ဇယေ။ ။ (ပထျာ)

ထူးသောဉာဏ်များ ရနိုင်ခြင်းငှာ ကျင့်စေလို

၃။ ဝိနယေ၊ ဝိနည်း၌။ သုပ္ပဋိပန္နော၊ ကောင်းစွာကျင့်သူသည်။ တေဝိဇ္ဇော၊ ပု–ဒိ–အာ ဟူသော ဝိဇ္ဇာသုံးပါးတို့ကို ရရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဘဝေ၊ ဖြစ်ရာ၏။ သုတ္တန္တေ စ၊ သုတ္တန်၌လည်း။ သုပ္ပဋိပန္နော၊ ကောင်းစွာကျင့်သူသည်၊ ဆဠာဘိညော၊အဘိညာဏ် (၆)ပါးတို့ကို ရရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဘဝေ၊ ဖြစ်ရာ၏။ အဘိဓမ္မေ၊ အဘိဓမ္မာ၌။ သုပ္ပဋိပ္ပန္နော၊ ကောင်းစွာကျင့်သူသည်။ စတုသမ္ဘိဒေါ၊ ပဋိသမ္ဘိဒါ (၄) ပါးတို့ကို ရရှိသော။ ပုဂ္ဂလော၊ သည်။ ဘဝေ၊ ရာ၏။

၄။ တသ္မာ၊ ထို့ကြောင့်။ တေဝိဇ္ဇ ဆာဘိညံ၊ ဝိဇ္ဇာ(၃)ပါး အဘိညာဏ် (၆) ပါးတို့ကို လည်းကောင်း၊ စတုက္ကပဋိသမ္ဘိဒံ၊ ပဋိသမ္ဘိဒါ (၄)ပါးပေါင်းကို လည်းကောင်း။ လဘိတုံ၊ ရခြင်းငှာ။ ဝိနယာဒီသု၊ ဝိနည်းစသည်တို့၌။ ဝါ၊ ဝိနည်း, သုတ္တန်, အဘိဓမ္မာ တို့၌။ သာဓုကံ၊ ကောင်းစွာ။ ပဋိပဇ္ဇယေ၊ ကျင့်ရာ၏။

မြန်မာပြန်

၃။ ဝိနည်း၌ကောင်းစွာ ကျင့်သူသည် (ပု) ရှေးဘဝတို့ကို သိခြင်း, (ဒိ) နတ်၏မျက်စိကဲ့သို့ မြင်ခြင်း, (အာ) လောဘ စသည်ကုန်ခန်းခြင်းဟူသော ဝိဇ္ဇာဉာဏ် (၃) ပါးတို့ကို ရရှိသော ပုဂ္ဂိုလ်ဖြစ်နိုင်၏။ သုတ္တန်၌ ကောင်းစွာကျင့်သူသည် (စက်, သော, ဣဒ်, ပ, ပုဗ်, အာ) ဟူသောအဘိဉာဏ် (၆) ပါးတို့ကို ရရှိသော ပုဂ္ဂိုလ်ဖြစ်နိုင်၏။ အဘိဓမ္မာ၌ ကောင်းစွာကျင့်သူသည် ပဋိသမ္ဘိဒါ (၄)ပါးတို့ကို ရရှိသောပုဂ္ဂိုလ်ဖြစ်နိုင်၏။

၄။ ထို့ကြောင့် ဝိဇ္ဇာဉာဏ် (၃)ပါး, အဘိဉာဏ် (၆) ပါး, ပဋိသမ္ဘိဒါ (၄)ပါးတို့ကို ရခြင်းငှာ ဝိနည်း, သုတ္တန်, အဘိဓမ္မာတို့၌ ကောင်းစွာ ကျင့်ရာ၏။

၅။ ဧဝံ ဟိ **ပဋိပန္နန္တော၊** အဝိရဠ္ဌ္ဆေါ လဘိဿတိ။
တေဝိဇ္ဇံ ဝါ ဆဠဘိညံ၊ စတုက္ကံ ပဋိသမ္ဘိဒံ။ ။(ပထျာ)

၆။ လောဘာဒယော ဟိရညာဒိ၊ ပဋိဂ္ဂဟဏပစ္စယာ။
ကိဠိ ခယံ န ဂစ္ဆန္တိ၊ အထ ခေါ ပရိဝဍ္ဎရေ။ ။(ပထျာ)

မချွတ်မယွင်း ကျင့်စေလိုခြင်းနှင့် ငွေသည်လောဘတိုးပွားခြင်း

၅။ ဟိ၊ အကျိုးကား။ ဧဝံ၊ ဤသို့ (ဆိုခဲ့သည့်အတိုင်း)။ ပဋိပန္နန္တော၊ ကျင့်သောသူသည်။ **အဝိရဠ္ဌ္ဆေါ၊** မချွတ်မယွင်းမူ၍။ တေဝိဇ္ဇံ ဝါ၊ ပု–ဒိ–အာ ဟူသော ဝိဇ္ဇာဉာဏ် (၃)ပါးကိုလည်းကောင်း၊ **ဆဠဘိညံ** ဝါ၊ စက်, သော, ဣဒ်, ပုဗ်, အာ ဟူသော အဘိဉာဏ် (၆)ပါးကိုလည်းကောင်း၊။ စတုက္ကံ၊ (၄)ပါး အပေါင်းဖြစ်သော။ ပဋိသမ္ဘိဒံ ဝါ၊ အတ္ထ, ဓမ္မ, နိရုတ္တိ, ပဋိဘာန ဟူသော ပဋိသမ္ဘိဒါကိုလည်းကောင်း။ လဘိဿတိ၊ ရလိမ့်လတ္တံ့။
၆။ ဟိရညာဒိ၊ ငွေအစရှိသည်ကို။ ပဋိဂ္ဂဟဏပစ္စယာ၊ အလှူခံခြင်းဟူသော အကြောင်းကြောင့်။ လောဘာဒယော၊ လောဘအစရှိကုန်သော ကိလေသာတို့သည်။ ကိဠိ၊ အနည်းငယ်မျှ။ ခယံ၊ ကုန်ခန်းခြင်းသို့။ န ဂစ္ဆန္တိ၊ မရောက်ကြကုန်။ အထခေါ၊ စင်စစ်ဧကန် အမှန်သော်ကား။ ပရိဝဍ္ဎရေ၊ တိုးပွားလာတတ်ကြကုန်၏။

မြန်မာပြန်

၅။ အကျိုးတရားကား ဤသို့ကျင့်သောသူသည် ဝိဇ္ဇာဉာဏ် (၃)ပါးကိုဖြစ်စေ, အဘိဉာဏ် (၆)ပါးကိုဖြစ်စေ, ပဋိသမ္ဘိဒါ (၄)ပါးပေါင်းကိုဖြစ်စေ မချွတ်မယွင်းရလိမ့်လတ္တံ့။
၆။ ငွေအစစ် ငွေစက္ကူစသည်ကို အလှူခံယူခြင်းဟူသော အကြောင်းကြောင့် အလိုလောဘ အစရှိကုန်သော အညစ်အကြေး ကိလေသာတို့သည် အနည်းငယ်မျှကုန်ခန်းခြင်းသို့ မရောက်ကြကုန်ဘဲ စင်စစ်ဧကန် တစ်ဖန်တစ်မျိုးအားဖြင့် တိုးပွားလို့သာ လာတတ်ကြကုန်၏။

၇။ လောဘာဒယော ဟိရညာဒိ၊ ပရိဂ္ဂဟဏပစ္စယာ။
ကိဥ္စိ ခယံ န ဂစ္ဆန္တိ၊ အထ ခေါ ပရိဝဍ္ဎရေ။ ။ (ပထျာ)
၈။ လောဘာဒယော ဟိရညာဒိ၊ ပရိဘုဥ္ဇနပစ္စယာ။
ကိဥ္စိ ခယံ န ဂစ္ဆန္တိ၊ အထ ခေါ ပရိဝဍ္ဎရေ။ ။ (ပထျာ)

သိုမှီးသိမ်းဆီးထားခြင်းသည် တဏှာအညစ်အကြေး

၇။ ဟိရညာဒိ၊ ငွေအစစ်ငွေစက္ကူ စသည်ကို။ ပရိဂ္ဂဟဏပစ္စယာ၊ သိုမှီးသိမ်းဆည်းထားခြင်း ဟူသော အကြောင်းကြောင့်။ လောဘာဒယော၊ လောဘတဏှာအစရှိသော အညစ်အကြေးတို့သည်။ ကိဥ္စိ၊ အနည်းငယ်မျှ။ ခယံ၊ ကုန်ခန်းခြင်းသို့။ န ဂစ္ဆန္တိ၊ မရောက်ကြကုန်။ အထခေါ၊ စင်စစ်ကေန် အမှန်မူကား။ ပရိဝဍ္ဎရေ၊ တိုးပွားကြကုန်၏။

၈။ ဟိရညာဒိ၊ ငွေအစစ်ငွေစက္ကူစသည်ကို။ ပရိဘုဥ္ဇနပစ္စယာ၊ သုံးဆောင်ခြင်းဟူသော အကြောင်းကြောင့်။ လောဘာဒယော၊ လောဘရာဂ အစရှိသော အညစ်အကြေးတို့သည်။ ကိဥ္စိ၊ အနည်းငယ်မျှ၊ ခယံ၊ ကုန်ခန်းခြင်းသို့။ န ဂစ္ဆန္တိ၊ မရောက်ကြကုန်။ အထခေါ၊ စင်စစ်ကေန်ဟုတ်မှန်သောအားဖြင့်။ ပရိဝဍ္ဎရေ၊ တိုးပွါးလာကြကုန်၏။

မြန်မာပြန်

၇။ ငွေအစစ်ငွေစက္ကူ စသည်ကို သိုမှီးသိမ်းဆည်းထားခြင်းဟူသော အကြောင်းကြောင့် လိုလားတပ်မက်တတ်သော လောဘအစရှိသော ကိလေသာ အညစ်အကြေးတို့သည် အနည်းငယ်မျှ ကုန်ခန်းခြင်းသို့ မရောက်ကြမူ၍ စင်စစ်ကေန် အမှန်အားဖြင့် ထိုအညစ်အကြေးများ တိုးပွားစည်ကားလို့သာ လာကြကုန်၏။

၈။ ငွေအစစ်ငွေစက္ကူ စသည်ကို သုံးဆောင်ခြင်းဟူသော အကြောင်းကြောင့် လောဘအစရှိသော ကိလေသာအညစ်အကြေးတို့သည် အနည်းငယ်မျှ လျော့ပါးကုန်ခန်းခြင်းသို့ မရောက်ကြသည်သာမက စင်စစ် အမှန်အားဖြင့် ထိုအညစ်အကြေးများ တိုးပွားလာကြကုန်၏။

၉။ ပဋိဂ္ဂဟော ပရိဂ္ဂါဟော၊ ပရိဘောဂေါ ဟိရညာဒိ။
မလဿ ပစ္စယော ဟောတိ၊ နေဝ သီလ ဝိသုဒ္ဓိယာ။ ။(ဝတ္တ)
၁၀။ ရဇတံ ဇာတရူပံဝါ၊ ပဋိဂ္ဂဟာဒိပစ္စယာ။
ကာမဂ္ဂဏာ န ခီဏန္တိ၊ အထ ခေါ ပရိဝမုရေ။ (ပထျာ)

ငွေရွှေသည် ရဟန်းသီလညစ်နွမ်းခြင်း

၉။ ဟိရညာဒိ၊ ငွေအစစ်ငွေစက္ကူ စသည်ကို။ ပဋိဂ္ဂဟော၊ ခံယူခြင်းသည် လည်းကောင်း။ ပရိဂ္ဂါဟော၊ သိုမှီးသိမ်းဆည်းထားခြင်းသည် လည်းကောင်း။ ပရိဘောဂေါ၊ အသုံးပြု (သုံးဆောင်) ခြင်းသည်လည်းကောင်း။ မလဿ၊ အညစ်အကြေး၏။ ဝါ၊ ရဟန်းသီလ ညစ်နွမ်းခြင်း၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ သီလဝိသုဒ္ဓိယာ၊ သီလစင်ကြယ်ခြင်း၏။ ပစ္စယော၊ အကြောင်းသည်။ နေဝ ဟောတိ၊ မဟုတ်သည်သာလျှင်တည်း။
၁၀။ ရဇတံ ဝါ၊ ငွေကိုလည်းကောင်း။ ဇာတရူပံ ဝါ၊ ရွှေကိုလည်းကောင်း။ ပဋိဂ္ဂဟာဒိပစ္စယာ၊ အလှူခံယူခြင်းစသော အကြောင်းကြောင့်။ ဝါ၊ အလှူခံယူခြင်း, သိုမှီးသိမ်းဆည်းထားခြင်း, အသုံးပြုသုံးဆောင်ခြင်းဟူသော အကြောင်းကြောင့်။ ကာမဂ္ဂဏာ၊ ကာမဂုဏ်တို့သည်။ ဝါ၊ လောဘကိလေသာတို့သည်။ န ခီဏန္တိ၊ မကုန်ကြကုန်။ အထခေါ၊ စင်စစ်သော်ကား။ ပရိဝမုရေ၊ တိုးပွားကြကုန်၏။

မြန်မာပြန်

၉။ ငွေစသည်ကိုအလှူခံယူခြင်း, သိုမှီးသိမ်းဆည်းထားခြင်း, အသုံးပြုသုံးဆောင်ခြင်းသည် ရဟန်းများမှာ သီလညစ်နွမ်းခြင်း၏ အကြောင်းဖြစ်ပေ၏။ သီလစင်ကြယ်ခြင်း၏ အကြောင်းကား မဟုတ်သည်သာ။
၁၀။ ငွေနှင့်ရွှေကို အလှူခံယူခြင်း, သိမ်းဆည်းထားခြင်း, အသုံးပြုသုံးဆောင်ခြင်း ဟူသော အကြောင်းကြောင့် ကာမဂုဏ်လောဘ ကိလေသာ တဏှာတို့သည် မကုန်ခန်းမလျော့ပါးကြကုန်၊ စင်စစ်အမှန်မှာကား များပြားတိုးပွားလို့သာ လာတတ်ကြကုန်၏။

၁၁။ ရဇတံ ဇာတရူပံ၀ါ၊ ကာမူပသံဟိတံ ဘဝေ။
ယော တံ ဂဏှာတိ သော ဘိက္ခု၊ ကာမ၀ဍ္ဎံ ပါပုဏာတိ။ (ပထျာ)
၁၂။ ကာမာဒီနံ ခယတ္ထာယ၊ ကာတဗ္ဗေ ဗုဒ္ဓသာသနေ။
ကာမ၀ဍ္ဎံ ကရောန္တော သော၊ ဟိရီတတ္တံ၀ ပါပုဏာတိ။ ။(ပထျာ)

မြတ်စွာဘုရား အဆုံးအမ၌ မတည်ခြင်းသည် ရှက်ဖွယ်

၁၁။ ရဇတံ၊ ၀ါ၊ ငွေအစစ်ငွေစက္ကူသည်လည်းကောင်း။ ဇာတရူပံ ၀ါ၊ ရွှေအစစ်သည်လည်းကောင်း။ ကာမူပသံဟိတံ၊ ကာမဟုခေါ်ဘိ လောဘတဏှာ၏ အစီးအပွားသည်။ ဘဝေ၊ ဖြစ်၏။ ယော၊ အကြင်ရဟန်းသည်။ တံ၊ ထိုရွှေငွေကို။ ဂဏှာတိ၊ ခံယူ၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ကာမ၀ဍ္ဎံ၀၊ ကာမခေါ်ကြား တဏှာပွားခြင်းသို့သာလျှင်။ ပါပုဏာတိ၊ ရောက်နေပြီ။
၁၂။ ကာမာဒီနံ၊ ကာမခေါ်ကြား လောဘတဏှာစသော တရားတို့၏။ ခယတ္ထာယ၊ ကုန်ခန်းခြင်းအကျိုးငှာ။ ကာတဗ္ဗေ၊ ပြုအပ်ပြုသင့်ပြုထိုက်သော။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ အဆုံးအမခေါ် သာသနာတော်၌။ ကာမ၀ဍ္ဎံ၊ ကာမခေါ်ကြား လောဘတိုးပွားခြင်းကို။ ကရောန္တော၊ ပြုလုပ်နေသော။ သော၊ ထိုရဟန်းသည်။ ဟိရီတတ္တံ၀၊ ရှက်စရာရှက်ဖွယ်၏ အဖြစ်သို့သာလျှင်။ ပါပုဏာတိ၊ ရောက်နေပါပြီတကား။

မြန်မာပြန်

၁၁။ ငွေအစစ်ငွေစက္ကူနှင့် ရွှေအစစ်သည် ကာမဟုခေါ်ရသော လောဘတဏှာ၏ အစီးအပွား ဖြစ်နေပေ၏။ အကြင်ရဟန်းသည် ထိုငွေနှင့် ရွှေကိုခံယူထား၏။ ထိုရဟန်းသည် ကာမခေါ် လောဘတဏှာများ တိုးပွားခြင်းသို့သာ ရောက်နေပေပြီ။
၁၂။ ကာမခေါ်လောဘတဏှာများ လျော့ပါးကုန်ခန်းသွားအောင် ပြုကျင့်ထိုက်သော မြတ်စွာဘုရား၏ သာသနာတော်မှာ လောဘတဏှာများ လျော့ပါးအောင် မကျင့်ဘဲ ပွားအောင်သာ ကျင့်နေသော ရဟန်းသည် ရှက်စရာရှက်ဖွယ်သို့သာ ဆိုက်ရောက်နေပါပြီ။

၁၃။ ဟိရညံ ဂါဟကော ဘိက္ခု၊ ပါပုဏေယျ အလဇ္ဇိတံ။
သီလသုဒ္ဓိံ န ပပ္ပေါတိ၊ ကိလိဋ္ဌံ ဝါ'နုဂစ္ဆတိ။ ။ (ပထျာ)
၁၄။ သုဝဏ္ဏံ ဝါ ဟိရညံ ဝါ၊ ဗောဓိလဒ္ဓါယ နော ဘဝေ။
န ဧတံ ဘိက္ခုသာရုပ္ပံ၊ န သိယာ တံ သတံ ဓနံ။ ။ (ပထျာ)

ရွှေငွေသည် သူတော်ကောင်းကြီးတို့၏ ဥစ္စာဘဏ္ဍာမဖြစ်ရာ

၁၃။ ဟိရညံ၊ ငွေကို။ ဂါဟကော၊ ခံယူသော။ ဘိက္ခု၊ ရဟန်းသည်။ အလဇ္ဇိတံ၊ မကောင်းမှုကို ပြုရန်အတွက် အရှက်မရှိသော ရဟန်းဆိုး၏အဖြစ်သို့။ ပါပုဏေယျ၊ ဆိုက်ရောက်ရာ၏။ သီလသုဒ္ဓိံ၊ သီလစင်ကြယ်ခြင်းသို့။ န ပပ္ပေါတိ၊ မရောက်နိုင်။ ကိလိဋ္ဌံဝါ၊ သီလညစ်နွမ်းခြင်းသို့သာလျှင်။ အနုဂစ္ဆတိ၊ အဖန်ဖန်အစဉ်ရောက်တတ်၏။
၁၄။ သုဝဏ္ဏံ ဝါ၊ ရွှေသည်လည်းကောင်း။ ဟိရညံ ဝါ၊ ငွေသည်လည်းကောင်း။ ဗောဓိလဒ္ဓါယ၊ မဂ်တရားတည်းဟူသော ဗောဓိကို ရခြင်းငှာ။ နော ဘဝေ၊ မဖြစ်နိုင်ရာ။ ဧတံ၊ ဤရွှေငွေသည်။ ဘိက္ခုသာရုပ္ပံ၊ ရဟန်းတို့အား လျောက်ပတ်သော ဘဏ္ဍာဥစ္စာသည်။ န ဘဝေ၊ မဖြစ်ရာ။ တံ၊ ထိုရွှေငွေသည်။ သတံ၊ သူတော်ကောင်းတို့၏။ ဓနံ၊ ဥစ္စာဘဏ္ဍာသည်။ န သိယာ၊ မဖြစ်ရာ။

မြန်မာပြန်

၁၃။ ငွေအစစ်ငွေစက္ကူကို ခံယူသော ရဟန်းသည် (မစွန့်ပါမူ) အရှက်မရှိသော ရဟန်းဆိုး၏ အဖြစ်သို့ ရောက်ရာ၏။ (မစွန့်လျှင်) သီလစင်ကြယ်ခြင်းသို့ မရောက်နိုင်ပေ။ (မစွန့်လျှင်) သီလညစ်နွမ်းခြင်းသို့သာလျှင် အစဉ်ရောက်နိုင်ပေတော့၏။
၁၄။ ရတနာရွှေအစစ်သည် မဂ်တရားဟူသော ဗောဓိကိုရခြင်းငှာ မဖြစ်နိုင်ပေ။ ဤရွှေငွေသည် ရဟန်းတို့အားလျော် လျောက်ပတ်သော ဥစ္စာဘဏ္ဍာမဖြစ်သင့်ပါ။ ထိုရွှေငွေသည် သူတော်ကောင်းကြီးတို့၏ ဥစ္စာဘဏ္ဍာလည်း မဖြစ်ရာ။

၁၅။ တသ္မာ သုလဒ္ဓိတံ ကာမော၊ သီလသုဒ္ဓဉ္စ ကာမိကော။
ဘိက္ခု တံ ပရိဝဇ္ဇေယျ၊ ဝုတ္တံ ဘိက္ခုနိယာပိ စ။ (ပထျာ)။
၁၆။ "ရဇတံ ဇာတရူပံ ဝါ၊ န ဗောဓာယ န သန္တိယာ။
နေတံ သမဏသာရုပ္ပံ၊ န စေတံ အရိယဒ္ဓနံ" တိ။ [1] (ပထျာ)

သီလစင်ကြယ်ခြင်းငှာ, မဂ်ရခြင်းငှာ, နိဗ္ဗာန်ရခြင်းငှာပယ်စွန့်

၁၅။ တသ္မာ၊ ထို့ကြောင့်။ သုလဒ္ဓိတံ၊ အရှက်ရှိသော ရဟန်းကောင်း၏အဖြစ်ကို။ ကာမော၊ အလိုရှိသော။ သီလသုဒ္ဓဉ္စ၊ ပါတိမောက်၌လာသော သီလ၏စင်ကြယ်ခြင်းကိုလည်း။ ကာမိကော၊ အလိုရှိသော။ ဘိက္ခု၊ ရဟန်းသည်။ တံ၊ ထိုရွှေငွေကို။ ပရိဝဇ္ဇေယျ၊ ရှောင်ကြဉ်ရာ၏။ ဟိ၊ ထိုစကားမှန်၏။ ဘိက္ခုနိယာပိစ၊ သုဘာ အမည်ရှိသော ရဟန်းမသည်လည်း။ ရဇတံတျာဒိ၊ ရဇတံ အစရှိသော စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။
၁၆။ ရဇတံ ဝါ၊ ငွေသည်လည်းကောင်း။ ဇာတရူပံ ဝါ၊ ရွှေသည်လည်းကောင်း။ ဗောဓာယ၊ သစ္စာကိုသိခြင်းငှာ၊ ဝါ၊ မဂ်ကိုရခြင်းငှာ၊ န၊ မဖြစ်ပါ။ သန္တိယာ၊ ငြိမ်းအေးရာနိဗ္ဗာန်အကျိုးငှာ။ န၊ မဖြစ်ပါ။ ဧတံ၊ ဤရွှေငွေသည်။ သမဏသာရုပ္ပံ၊ ရဟန်းတို့အား လျော်လျောက်ပတ်သော ဥစ္စာသည်။ န၊ မဖြစ်ပါ။ ဧတံ၊ ဤရွှေငွေသည်။ အရိယဒ္ဓနံ၊ အရိယာသူတော်စင်ကြီးတို့၏ ဥစ္စာသည်။ န၊ မဖြစ်သင့်ပါ။

မြန်မာပြန်

၁၅။ ထို့ကြောင့် အရှက်ရှိသော ရဟန်းကောင်းဖြစ်ခြင်းကို အလိုရှိ၍ သီလစင်ကြယ်ခြင်းကိုလည်း အလိုရှိသော ရဟန်းသည် ထိုရွှေငွေကို ရှောင်ကြဉ်ရာ၏။ ထိုစကားမှန်ပေ၏ သုဘာအမည်ရှိသော ဘိက္ခုနီရဟန်းမသည်လည်း (ရဇတံ) ငွေစသောစကားကိုဆိုသေး၏။
၁၆။ ငွေရွှေရတနာသည် အမှန် (သစ္စာ)ကိုသိ၍ မဂ်ရခြင်းငှာ မဖြစ်နိုင်ပါ။ ငြိမ်းအေးရာနိဗ္ဗာန်ကို ရရန်အကျိုးငှာလည်း မဖြစ်နိုင်ပါ။ ရဟန်းတို့အားလျော် လျောက်ပတ်သောဥစ္စာလည်း မဟုတ်ပါ။ ဤရွှေငွေသည် အရိယာသူတော်စင်ကြီးတို့၏ ဥစ္စာလည်း မဖြစ်သင့်ပါ။

---

[1] ၁-ခု-၂-၄၁၇။ ထေရီဂါထာပါဠိ

၁၇။ အတိရေကံ ပရိက္ခာရံ၊ အဒေတွာ အဝိဘဇိယ။
ယော ဂါဠှံ ပဋိသာမေတိ၊ သော ဘိက္ခု န သုန္ဒရော။ (ပထျာ)
၁၈။ ကုလျမှိကသမော ဘိက္ခု တိရေကံ စီဝရာဒိကံ။
အဒတွာဝ နိသာမေတိ၊ သော ပဏ္ဍိတေန နိန္ဒိတော။ (ပထျာ)။

သူကြွယ်ကြီးနှင့်တူသောရဟန်း မဖြစ်စေလို

၁၇။ ယော၊ အကြင်ရဟန်းသည်။ အတိရေကံ၊ ပိုလွန်သော။ ပရိက္ခာရံ၊ သက်နံ်းသပိတ်စသော ပရိက္ခရာ ဘဏ္ဍာကို။ အဒေတွာ၊ အခြားရဟန်းတို့အား။ အဝိဘဇိယ၊ မဝေဖန် မပေးမူ၍။ ဂါဠှံ၊ စွဲမြဲပြင်းထန်စွာ။ ပဋိသာမေတိ၊ သိုမှီးသိမ်းဆည်း၏။ သော ဘိက္ခု၊ ဤသို့သော ရဟန်းသည်။ န သုန္ဒရော၊ မကောင်း။

၁၈။ ကုလျမှိကသမော၊ ပစ္စည်းဥစ္စာဘဏ္ဍာများသည်ဖြစ်၍ သူကြွယ်ကြီးနှင့် တူသော။ ဘိက္ခု၊ ရဟန်းသည်။ အတိရေကံ၊ ပိုလွန်သော။ စီဝရာဒိကံ၊ သက်နံ်းစသော ပရိက္ခရာကို။ အဒတွာဝ၊ မပေးမူ၍သာလျှင်။ နိသာမေတိ၊ သိုမှီးသိမ်းဆည်း၏။ သော၊ ထိုရဟန်းကို။ ပဏ္ဍိတေန၊ ပညာရှိသောသူသည်။ နိန္ဒိတော၊ ကဲ့ရဲ့အပ်၏။

မြန်မာပြန်

၁၇။ အကြင်ရဟန်းသည် ပိုလွန်သော သက်နံ်းသပိတ်စသော ပရိက္ခရာ ဘဏ္ဍာကို တခြားတပါး ရဟန်းတို့အား မပေးမဝေဖန်ဘဲ စွဲမြဲပြင်းထန်စွာ သိုမှီးသိမ်းဆည်းထား၏။ ဤသို့သော ရဟန်းသည် မကောင်းပါ။

၁၈။ ပစ္စည်းဥစ္စာ ဘဏ္ဍာတို့ကို များစွာပိုင်သူဖြစ်၍ သူကြွယ်ကြီးနှင့်တူသော ရဟန်းသည် ပိုလျှံပိုလွန်သော သက်နံ်းစသော ပရိက္ခရာ ပစ္စည်းများကို သူတစ်ပါးတို့အား မပေးမစွန့်မူ၍ သိုမှီးသိမ်းဆည်းထား၏။ ထိုရဟန်းကို (အလိုနည်း၍ ပစ္စည်းနည်းသည်ကို ဂုဏ်ဟုမြင်သိ) ပညာရှိသည် ကဲ့ရဲ့အပ်၏။

၁၉။ ယော ဗဟုံ ဘဏ္ဍာ မညောသံ၊ အဒတွာ ဝိက္ကယံ ကရေ။
ဗုဒ္ဓေန ပဋိကုဋ္ဌော သော၊ မိစ္ဆာ ဇီဝေါ ကတော ဝတ။ (ပထျာ)
၂၀။ ဝုတ္တံ ဟိ ခုဒ္ဒသိက္ခာယံ၊ ဓမ္မသိရိက ဝိညုနာ။
"နညေနဝါပိ သမ္ဗုဒ္ဓ–ပဋိကုဋ္ဌေန ဇီဝယေ"တိ။ (ပထျာ)။

မြတ်စွာဘုရား စက်ဆုတ်တော်မူသော အသက်မွေးမှုကို မပြုအပ်

၁၉။ ယော၊ အကြင်ရဟန်းသည်။ ဗဟုံ၊ များလှစွာသော။ ဘဏ္ဍံ၊ သင်္ကန်းစသော ဘဏ္ဍာကို။ အညေသံ၊ အခြားသီးတင်းသုံးဖော် ရဟန်းတို့အား။ အဒတွာ၊ မပေးမစွန့်မူ၍။ ဝိက္ကယံ၊ လဲလှယ်ခြင်း၊ ရောင်းခြင်းကို။ ကရေ၊ ပြုငြားအံ့။ သော၊ ထိုရဟန်းကို။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ပဋိကုဋ္ဌော၊ ရွံရှာစက်ဆုတ်အပ်၏။ မိစ္ဆာဇီဝေါ၊ မှားသောအသက်မွေးခြင်းကို။ ကတော ဝတ၊ ပြုအပ်ပြုရဲ လေစွတကား။
၂၀။ ဟိ၊ ထိုစကားမှန်ပေ၏။ ခုဒ္ဒသိက္ခာယံ၊ ခုဒ္ဒသိက္ခာအမည်ရှိသော ဝိနည်းငယ်ကျမ်း၌။ ဓမ္မသိရိက ဝိညုနာ၊ ဓမ္မသိရိ အမည်ရှိသော ပညာရှိသည်။ "အညေနဝါပိ၊ ဆိုခဲ့ပြီးသည်မှ တပါးတခြားလည်းဖြစ်သော။ သမ္ဗုဒ္ဓပဋိကုဋ္ဌေန။ မြတ်စွာဘုရားသည် စက်ဆုတ်တော်မူအပ်သော အသက်မွေးခြင်းဖြင့်။ န ဇီဝယေ၊ အသက်မမွေးရာ" ဣတိ၊ ဤသို့။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။

မြန်မာပြန်

၁၉။ အကြင်ရဟန်းသည် သင်္ကန်းစသော ပရိက္ခရာဘဏ္ဍာများကို အခြားတပါးရဟန်းတို့အား မပေးမစွန့်ဘဲ လဲလှယ်ခြင်းရောင်းခြင်းကိုပြု၏။ ထိုရဟန်းကို မြတ်စွာဘုရားက "မှားသော အသက်မွေးခြင်းကို ပြုရဲလေစွတကား"ဟု စက်ဆုတ်ကဲ့ရဲ့တော်မူ၏။
၂၀။ မှန်ပေ၏။ ပညာရှိဖြစ်သော အရှင်ဓမ္မသိရိထေရ်ကြီးက ခုဒ္ဒသိက္ခာကျမ်း၌ ဆိုထားပေ၏။ ဆိုပုံကား" တပါးတခြားဖြစ်သော မြတ်စွာဘုရား စက်ဆုတ်အပ်သော အသက်မွေးခြင်းဖြင့်လည်း အသက်မမွေးရာ"ဟူ၍ ဆိုထားပေ၏။

၂၁။ ယထာ နဒီ, တိဝိတ္ထာရုံ၊ ယော တိဏ္ဏောဘိ' တိခုဒ္ဒကော။
သရေ စေပိ နိမုဇ္ဇေယျ၊ န ထုတော သော ဟိ နိန္ဒိတော။ (ပထျာ)
၂၂။ ဝမေဝ မဟာကာမေ၊ ပဇဟေဇ္ဇောဘိ ယော ယတိ။
ပရေဟိ ဒိန္နဘဏ္ဍေသု၊ လဂ္ဂေယျ သော' တိနိန္ဒိတော။ (ပထျာ)။

မြစ်ကြီးကို ကူးနိုင်ပါလျက် ရေအိုင်ငယ်၌ မနစ်မြုတ်စေလို

၂၁။ ယော၊ အကြင်ယောကျ်ားသည်။ အတိဝိတ္ထာရုံ၊ အလွန်ကျယ်သော။ နဒီ၊ မြစ်ကြီးကို။ တိဏ္ဏောဘိ၊ ကူးနိုင်ပါလျက်လည်း။ အတိခုဒ္ဒကော၊ အလွန်ငယ်သော။ သရေ၊ ရေအိုင်၌။ စေပိ နိမုဇ္ဇေယျ၊ အကယ်၍လည်း နစ်မြုပ်ခဲ့ငြားအံ့။ ဝါ၊ မကူးနိုင်ငြားအံ့။ သော၊ ထိုယောကျ်ားကို။ န ထုတော၊ မချီးမွမ်းအပ်။ ဟိ၊ ထိုစကားမှန်၏။ နိန္ဒိတော၊ ကဲ့ရဲ့အပ်ပေ၏။ နိန္ဒိတော ယထာ၊ ကဲ့ရဲ့အပ်သကဲ့သို့-
၂၂။ ဝမေဝ၊ ဤနည်းအတူသာလျှင်။ ယော ယတိ၊ အကြင်ရဟန်းသည်။ မဟာကာမေ၊ မာတုဂါမအာရုံမေထုန် ကာမဂုဏ်ကြီးတို့ကို၊ ပဇဟေဇ္ဇောဘိ၊ ပယ်စွန့်နိုင်ပါလျက်လည်း။ပရေဟိ၊ သူတစ်ပါးတို့က။ ဒိန္နဘဏ္ဍေသု၊ ပေးလှူအပ်သော ပစ္စည်းဘဏ္ဍာတို့၌။ လဂ္ဂေယျ၊ ငြိကပ်တပ်မက်တွယ်တာငြားအံ့။ သော၊ ထိုရဟန်းကို။ အတိနိန္ဒိတော၊ အလွန်ကဲ့ရဲ့အပ်၏။

မြန်မာပြန်

၂၁။ အကြင်ယောကျ်ားရေကူးသမားသည် အလွန်ကျယ်သော ဧရာဝတီမြစ်လို မြစ်ကြီးကို ကူးနိုင်ပါလျက် အလွန်ငယ်သော ရေအိုင်၌ မကူးနိုင်ဘဲ နစ်မြုပ်ငြားအံ့။ ထိုယောကျ်ားကို မချီးမွမ်းရုံမက ကဲ့ရဲ့အပ်၏။ ကဲ့ရဲ့အပ်သကဲ့သို့-
၂၂။ ဤနည်းအတူပင် အကြင်ရဟန်းသည် မာတုဂါမအာရုံမေထုန် ကာမဂုဏ်ကြီးတို့ကို ပယ်စွန့်နိုင်ပါလျက် သူတစ်ပါးတို့က လှူဒါန်းပေးကမ်းအပ်သော ကာမဂုဏ်အငယ်စား ပစ္စည်းဘဏ္ဍာများ၌ ငြိကပ်တွယ်တာ တပ်မက်ငြားအံ့၊ ထိုရဟန်းကို အလွန်ကဲ့ရဲ့အပ်ပေ၏။

၂၃။ ဓဝံ သတိက်ရော ဘိက္ခု၊ အတ္တနော စီဝရာဒိကံ။
ဘုဉ္ဇံ သဖြဟ္မစာရီနံ၊ ပရိစ္စဇေယျ သာဓုကံ။ (ပထျာ)

၂၄။ ယော သဇ္ဈုံ ဝါ သုဝဏ္ဏံ ဝါ၊ ဂဟေတွာ အဓေဟိတွာန။
တတော ပဝတ္တဘဏ္ဍံပိ၊ ပူထံဝ အဓေဟိတွာန။ (ဝဏ္ဏ)

လဲလှယ်ခြင်းမှ ဖြစ်ပေါ်လာသော ဘဏ္ဍာသည် စေင်ကျင်ကြီး

၂၃။ ဓဝံ၊ ဤသို့ဆိုခဲ့သည့်အတိုင်း၊ သတိက်ရော၊ သတိပြုမိသော။ ဘိက္ခု၊ ရဟန်းသည်။ အတ္တနော၊ မိမိ၏။ စီဝရာဒိကံ၊ သင်္ကန်းအစရှိသော။ ဘဏ္ဍံ၊ ပရိက္ခရာဘဏ္ဍာကို။ သဖြဟ္မစာရီနံ၊ သီတင်းသုံးဖော် ရဟန်းတော်တို့အား။ သာဓုကံ၊ ကောင်းစွာ။ ပရိစ္စဇေယျ၊ ပေးစွန့်လှူဒါန်းရာ၏။

၂၄။ ယော၊ အကြင်ရဟန်းသည်။ သဇ္ဈုံ ဝါ၊ ငွေအစစ်ငွေစက္ကူကိုလည်းကောင်း။ သုဝဏ္ဏံ ဝါ၊ ရွှေကိုလည်းကောင်း။ ဂဟေတွာ၊ ခံယူ၍။ အဓေဟိတွာန၊ မစွန့်မူ၍။ တတော၊ ထိုငွေရွှေမှ။ ပဝတ္တဘဏ္ဍံပိ၊ လဲလှယ်ခြင်းဖြင့် ဖြစ်ပေါ်လာသောဘဏ္ဍာကိုလည်း။ ပူထံဝ၊ မစင်ကျင်ကြီး ကဲ့သို့။ အဓေဟိတွာန၊ မစွန့်မူ၍-

---

မြန်မာပြန်

၂၃။ ဤသို့ဆိုခဲ့သည့်အတိုင်း သတိပြုမိသောရဟန်းသည် မိမိ၏ သင်္ကန်း အစရှိသော ပရိက္ခရာဘဏ္ဍာကို သီတင်းသုံးဖော် ရဟန်းတော်တို့အား ကောင်းစွာပေးစွန့်လှူဒါန်းရာ၏။

၂၄။ အကြင်ရဟန်းသည် ငွေအစစ် ငွေစက္ကူကိုဖြစ်စေ, ရွှေအစစ်ကိုဖြစ်စေ အလှူခံယူလျက် သိမ်းဆည်းထားပြီးလျှင် မစွန့်မလွှတ်မူ၍ ထိုငွေထိုရွှေမှ ဖြစ်ပေါ်လာသည်ဟု ဆိုအပ်သော (လဲလှယ်ဝယ်ယူထားသည့်) ဘဏ္ဍာဥစ္စာအဖြာဖြာကို ဖြစ်စေ, မစင်ကျင်ကြီးကဲ့သို့ မပယ်မစွန့်မူ၍-

၂၅။ ကရေယျ ဒေသနာသုဒ္ဓိံ၊ သီလသုဒ္ဓိံ န သော ဇေတိ။
ကသ္မာ? နိဿန္ဒိတဗ္ဗဿ၊ ဘဏ္ဍဿ အပ္ပဟီနတ္တာ။ (ဝတ္တ)
၂၆။ သီလသုဒ္ဓိံ အကတွာန၊ ယော ပဓာနံ ကရောတိ သော။
မဂ္ဂဖ္ဖလံ န ပပ္ပေါတိ၊ တထာ ဈာနာဒိသမ္ပဒံ။ (ပထျာ)။

သီလမစင်ကြယ်ဘဲ ရှုမှတ်ခြင်းသည် ဈာန်, မဂ်သို့ မရောက်နိုင်

၂၅။ ဒေသနာသုဒ္ဓိံ၊ အာပတ်အပြစ်ကိုထုတ်ဖော်ပြောကြားခြင်းဖြင့် စင်ကြယ်ခြင်းကို။ ကရေယျ၊ ပြုငြားအံ့။ ဝါ၊ ဒေသနာပြောကြားငြားအံ့။ သော၊ ထိုရဟန်းသည်။ သီလသုဒ္ဓိံ၊ သီလစင်ကြယ်ခြင်းသို့။ န ဇေတိ၊ မရောက်။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ နိဿန္ဒိတဗ္ဗဿ၊ စွန့်အပ်စွန့်ထိုက်သော။ ဘဏ္ဍဿ၊ ဘဏ္ဍာ၏။ ဝါ၊ ဘဏ္ဍာကို။ ဝါ၊ ငွေရွှေကို။ အပ္ပဟီနတ္တာ၊ မစွန့်မပယ်သည်၏ အပြစ်ကြောင့်တည်း။
၂၆။ ယော၊ အကြင်ရဟန်းသည်။ သီလသုဒ္ဓိံ၊ သီလစင်ကြယ်ခြင်းကို။ အကတွာန၊ မပြုမူ၍။ ပဓာနံ၊ ကမ္မဋ္ဌာန်းကို။ ဝါ၊ တရားရှုမှတ်ခြင်းကို။ ကရောတိ၊ ပြုလုပ်၏ အားထုတ်၏။ သော၊ ထိုရဟန်းသည်။ မဂ္ဂဖ္ဖလံ၊ မဂ်ဖိုလ်သို့။ န ပပ္ပေါတိ၊ မရောက်။ တထာ၊ ထိုမှတပါး။ ဝါ၊ ထို့အတူ၊ ဈာနာဒိသမ္ပဒံ၊ ဈာန်စသည်နှင့် ပြည့်စုံခြင်းသို့။ န ပပ္ပေါတိ၊ မရောက်။

မြန်မာပြန်

၂၅။ အာပတ်အပြစ်ကို ထုတ်ဖော်ပြောကြားခြင်းဖြင့် စင်ကြယ်အောင်ပြုခြင်းဟု ဆိုအပ်သော ဒေသနာသုဒ္ဓိကို ပြုလုပ်ငြားအံ့ (ဝါ။ ဒေသနာပြောကြားငြားအံ့) ထိုရဟန်းသည် သီလစင်ကြယ်ခြင်းသို့မရောက်၊ အဘယ်ကြောင့်မရောက်သနည်း။ စွန့်အပ်စွန့်ထိုက်သော ငွေရွှေကို မစွန့်သောကြောင့်တည်း။
၂၆။ အကြင်ရဟန်းသည် သီလစင်ကြယ်အောင် မပြုမူ၍ တရားရှုမှတ်ခြင်းဟူသော ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ပြုလုပ်၏။ ထိုရဟန်းသည် မဂ်ဖိုလ်သို့ မရောက်နိုင်။ ဈာန်စသည်နှင့် ပြည့်စုံခြင်းသို့လည်း မရောက်နိုင်။

၂၇။ သီလသုဒ္ဓိ ကရိတွာန၊ ယော ပဓာနံ ကရောတိ သော။
မဂ္ဂဖလမ္ပိ ပပ္ပေါတိ၊ ဈာနာ' ဘိညာဒိသမ္ပဒံ။ (ပထျာ)။
၂၈။ တသ္မာဝ သတိမာ ဘိက္ခု၊ ပါတိမောက္ခာဒိအာဂတံ။
စတုသီလံ ဝိသောဓေတွာ၊ ကရေယျာဝ ပဓာနိကံ။ (ပထျာ)

သီလစင်ကြယ်စေ၍ ကမ္မဋ္ဌာန်းအလုပ်အားထုတ်သင့်

၂၇။ ယော၊ အကြင်ရဟန်းသည်။ သီလသုဒ္ဓိ၊ သီလစင်ကြယ်အောင်ကျင့်ခြင်းကို။ ကရိတွာန၊ ပြုပြီး၍။ ပဓာနံ၊ ကမ္မဋ္ဌာန်းအလုပ် အားထုတ်ရှုမှတ်ခြင်းကို။ ကရောတိ၊ ပြု၏။ သော၊ ထိုရဟန်းသည်။ မဂ္ဂဖလမ္ပိ၊ မဂ်ဖိုလ်သို့လည်း။ ပပ္ပေါတိ၊ ရောက်နိုင်၏။ ဈာနာဘိညာဒိသမ္ပဒံ၊ ဈာန်အဘိညာဏ် စသည်တို့နှင့် ပြည့်စုံခြင်းသို့လည်း။ ပပ္ပေါတိ၊ ရောက်နိုင်၏။
၂၈။ တသ္မာဝ၊ ထို့ကြောင့်သာလျှင်။ သတိမာ၊ သတိရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ပါတိမောက္ခာဒိ အာဂတံ၊ ပါတိမောက်စသည်၌လာသော။ စတုသီလံ၊ လေးပါးသောသီလကို။ ဝိသောဓေတွာ၊ သုတ်သင်စင်ကြယ်စေ၍။ ပဓာနိကံ၊ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရှုမှတ်ခြင်းကို။ ကရေယျာဝ၊ ပြုရာ၏ ပြုသင့်သည်သာလျှင်တည်း။

မြန်မာပြန်

၂၇။ အကြင်ရဟန်းသည် သီလကိုစင်ကြယ်အောင် ပြုလုပ်ပြီးမှသာ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရှုမှတ်၏။ ထိုရဟန်းသည် မဂ်ဖိုလ်သို့လည်း ရောက်နိုင်၏။ ဈာန်အဘိညာဏ်စသည်တို့နှင့် ပြည့်စုံခြင်းသို့လည်း ရောက်နိုင်၏။
၂၈။ ထို့ကြောင့်ပင် သတိရှိသောရဟန်းသည် ပါတိမောက်စသည်၌လာသော သီလကြီးလေးပါးတို့ကို သုတ်သင်စင်ကြယ်စေ၍ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရှုမှတ်ခြင်းကို ပြုလုပ်ရာ၏ ပြုလုပ်သင့်သည်သာ။

၂၉။ ဧဝဥ္စ ကာရကော ဘိက္ခု၊ ကတကမ္မာနုရူပိကံ။
စျာနာဒိကံ လဘိတွာန၊ မဂ္ဂပ္ဖလမ္ပိ ဝိန္ဒတိ။ ။(ပထျာ)
၃၀။ သုဒဿံ ဝဇ္ဇမညေသံ၊ အတ္တနော ပန ဒုဒ္ဒသံ။
တံသဘာဝံ ဝိဇာနိတွာ၊ သတိံ ကရေယျ သဇ္ဇနော။ ။(ပထျာ)

သူတစ်ပါးအပြစ်မြင်လွယ် မိမိအပြစ် မြင်ခဲ

၂၉။ ဟိ၊ အကျိုးကား။ ဧဝံ၊ ဤသို့ဆိုခဲ့သည့်အတိုင်း။ ကာရကော၊ ပြုလုပ်သော။ ဘိက္ခု၊ ရဟန်းသည်။ ကတကမ္မာနုရူပိကံ၊ ရှေးကပြုလုပ်ခဲ့ဖူးသော ကောင်းမှုကံအားလျှော်စွာ။ **စျာနာဒိကံ၊** စျာန်အစရှိသော (အဘိဉာဏ်တိုင်အောင်သော) တရားကို။ လဘိတွာန၊ ရပြီး၍။ မဂ္ဂပ္ဖလမ္ပိ၊ မဂ်ဖိုလ်ကိုလည်း။ ဝိန္ဒတိ၊ ရနိုင်၏။
၃၀။ အညေသံ၊ သူတပါးတို့၏။ ဝဇ္ဇံ၊ အပြစ်ကို။ သုဒဿံ၊ မြင်လွယ်၏။ အတ္တနော၊ မိမိ၏။ ဝဇ္ဇံပန၊ အပြစ်ကိုကား။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲ၏။ တံသဘာဝံ၊ မြင်လွယ်မြင်ခဲသော ထိုသဘောကို။ **ဝိဇာနိတွာ၊** သိပြီး၍ သိပြီးလျှင်။ သဇ္ဇနော၊ သူတော်ကောင်းဖြစ်သောသူသည်။ သတိံ၊ **သတိကို။** ဝါ၊ အောက်မေ့ခြင်း ဆင်ခြင်ခြင်းကို။ ကရေယျ၊ ပြုရာ၏။

မြန်မာပြန်

၂၉။ ဤသို့ဆိုခဲ့ပြီးသည့်အတိုင်းသာ ပြုကျင့်ပြုလုပ်သော ရဟန်းသည် ရှေးကပြုခဲ့ဖူးသော ကုသိုလ်ကံအားလျော်စွာ စျာန်မှစ၍ အဘိဉာဏ်တိုင်အောင် တရားအပေါင်းကို ရပြီးလျှင် မဂ်ဖိုလ်တရားကိုလည်း ရနိုင်ပေတော့၏။
၃၀။ သူတစ်ပါးတို့၏အပြစ်ကို မြင်လွယ်၏။ မိမိကိုယ်၏အပြစ်ကိုကား မြင်နိုင်ခဲ၏။သူ့အပြစ် မြင်လွယ် ကိုယ့်အပြစ် မြင်ခဲသော ထိုသဘောတရားကို သိပြီး၍ သူတော်ကောင်းဖြစ်သောသူသည် သတိရှိကာ အောက်မေ့ဆင်ခြင်ခြင်းကို ပြုရာ၏။

၃၁။ ဒုဒ္ဒသံ အတ္တဝဇ္ဇံ၀၊ အနုပဿေယျ သဗ္ဗဒါ။
သုဒဿံ ပရဝဇ္ဇံ တု၊ နာနုပဿေ ကဒါစိပိ။ ။(ပထျာ)။
၃၂။ ဒုဒ္ဒသံ အတ္တဝဇ္ဇံ၀၊ အနုပဿန္တ ပုဂ္ဂလော။
တံ ဝဇ္ဇံ ပဟာနတ္တာယ၊ အာရဘာသတိ ကေဒါ။ ။(ပထျာ)

သူ့အပြစ် မရှာဘဲ၊ မိမိအပြစ်သာ ရှု၍ ပြင်ပါ

၃၁။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲသော။ အတ္တဝဇ္ဇံ၀၊ မိမိကိုယ်၏ အပြစ်ကိုသာလျှင်။ ဝ၊ မိမိကိုယ်မှာ၊ အပြစ်ရှာ၍။ မြင်လာတုံလစ်၊ အဟုတ်ဖြစ်သည့်၊ ကိုယ့်အပြစ်ကိုသာလျှင်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ အနုပဿေယျ၊ အဖန်ဖန်ရှုမြင်ရာ၏။ သုဒဿံ၊ မြင်လွယ်သော၊ ပရဝဇ္ဇံ တု၊ သူတစ်ပါး အပြစ်ကိုကား။ ကဒါစိပိ၊ တရံတခါမျှလည်း။ နာနုပဿေ န အနုပဿေယျ၊ မရှုမမြင်ရာ။
၃၂။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲသော။ အတ္တဝဇ္ဇံ၀၊ မိမိကိုယ်မှာ၊ အပြစ်ရှာ၍၊ မြင်လာတုံဘိ၊ ကိုယ်၏အပြစ်ကိုသာလျှင်။ အနုပဿန္တ ပုဂ္ဂလော၊ အဖန်ဖန်ရှုမြင်သော ပုဂ္ဂိုလ်သည်။ တံ ဝဇ္ဇံ၊ ထိုအပြစ်ကို။ ပဟာနတ္တာယ၊ ပယ်စွန့်ရန်အကျိုးငှာ။ ကေဒါ၊ တရံတခါ၌။ ဝ၊ တစ်ခုသော အချိန်အခါကာလ၌။ အာရဘိဿတိ၊ အားထုတ်ပြုလုပ်လိမ့်လတ္တံ့။

မြန်မာပြန်

၃၁။ မြင်နိုင်ခဲသော ကိုယ့်အပြစ်ကိုသာ အခါခပ်သိမ်းအဖန်ဖန်ရှုမြင်ရာ၏။ မြင်လွယ်သော သူ့အပြစ်ကိုကား တရံတစ်ခါမျှလည်း ရှုမြင်၍မနေရာ။
၃၂။ မြင်နိုင်ခဲသော မိမိကိုယ်၏ အပြစ်ကိုသာလျှင် အဖန်ဖန်ရှုမြင်နေသော ပုဂ္ဂိုလ်သည် ထိုအပြစ်ကို ပယ်စွန့် ဖျက်ပြင်နိုင်ရန်အလို့ငှာ တစ်ခုသော အချိန်အခါ၌ အားထုတ်ပြုလုပ်လိမ့်လတ္တံ့၊ ပြုလုပ်လိမ့်မည်။

၃၃။ ပရဝဇ္ဇာနုပဿဿေ၊ ဝုတ္တနယော န ဟောတိဝ။
အာသဝါဝ”ဿ ဝမေယျုံ၊ ဝုတ္တံ ဟိ ဓမ္မရာဇုနာ။ ။(ပထျာ)
၃၄။ “ပရဝဇ္ဇာနုပဿိဿ၊ နိစ္စံ ဥဇ္ဈာနသညိနော။
အာသဝါ တဿ ဝဍ္ဎန္တိ၊ အာရာ သော အာသဝက္ခယာ”တိ။ ။(ပထျာ)

သူတစ်ပါးအပြစ်ကိုသာ ရှုသူသည် နိဗ္ဗာန်မှဝေးမည်

၃၃။ ပရဝဇ္ဇာနုပဿဿေ၊ သူတပါးအပြစ်ကို အဖန်ဖန်ရှုမြင်တတ်သော ပုဂ္ဂိုလ်သည်။ ဝုတ္တနယော၊ ဆိုခဲ့သော (အပြစ်ကို ပယ်စွန့်ဖျက်ပြင်ရန် အားထုတ်ပြုလုပ်လိမ့်မည်ဟူသော) နည်းသည်။ န ဟောတိဝ၊ မဖြစ်သည်သာလျှင်တည်း။ အဿ၊ သူတစ်ပါးအပြစ်ကို ရှုမြင်လိုသော ထိုပုဂ္ဂိုလ်အား။ အာသဝါဝ၊ လော–ဒိ–မော ဟူသော အာသဝေါတရားတို့သည်သာလျှင်။ ဝမေယျုံ၊ တိုးပွားကုန်ရာ၏။ ဟိ၊ မှန်ပေ၏။ ဓမ္မရာဇုနာ၊ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။
၃၄။ ပရဝဇ္ဇာနုပဿိဿ၊ သူတစ်ပါးအပြစ်ကို ရှုမြင်တတ်သော။ နိစ္စံ၊ အမြဲ။ ဥဇ္ဈာနသညိနော၊ ကဲ့ရဲ့လိုသောအမှတ်ရှိသော။ တဿ၊ ထိုသူအား။ အာသဝါ၊ အာသဝေါတရားတို့သည်။ ဝဍ္ဎန္တိ၊ တိုးပွားကုန်၏။ သော၊ ထိုသူသည်။ အာသဝက္ခယာ၊ အာသဝေါကုန်ရာ အရဟတ္တဖိုလ် နိဗ္ဗာန်မှ၊ အာရာ၊ ဝေးလှပေ၏။

မြန်မာပြန်

၃၃။ သူ့အပြစ်ကို ရှုမြင်တတ်သော သူသည် ဆိုခဲ့သော (အပြစ်ကို ပယ်စွန့်လိမ့်မည်ဟူသော) နည်းမျိုးမဖြစ်သည်သာ” ထိုသူအား အာသဝေါတရားတို့သာ တိုးပွားလာတတ်ကုန်၏။မှန်လှပေ၏။ မြတ်စွာဘုရားသည်လည်း ဟောတော်မူသေး၏။ ဟောပုံကား–
၃၄။ သူ့အပြစ်ကို ရှုမြင်၍ အမြဲတမ်းကဲ့ရဲ့လိုသော အမှတ်ရှိနေသော ထိုသူအား အာသဝေါတရားများ တိုးပွားလာကြကုန်၏။ ထိုသူသည် အာသဝေါကုန်ရာ နိဗ္ဗာန်မှ ဝေးကွာလှပေ၏။

၃၅။ ယော ' ဗ္ဗဝန္နံ သုပဿန္တံ၊ ပရံ ဓာနေယျ တံ ပရံ။
ဘဓေယျ ဗ္ဗဿာ တံ ဒဋ္ဌုံ၊ အဗ္ဗဝန္နံ ဟိ ဒုဒ္ဒသံ။ ။(ပထျာ)
၃၆။ ဒုဒ္ဒသံ အဗ္ဗနော ဝန္နံ၊ ယော ဒီပေယျ ဝဒေယျ စ။
သော မေ ဒေတိ သုဝဏ္ဏန္တိ၊ စိတ္တံ ဌပေယျ သာဓုကော။ (ပထျာ)

မိမိအပြစ်ပြသူကို ရွှေအိုးပေးလာသူဟုမှတ်

၃၅။ ယော၊ အကြင်သူသည်။ အဗ္ဗဝန္နံ၊ မိမိအပြစ်ကို။ ဝါ၊ ကိုယ့်အပြစ်ကို။ သုပဿန္တံ၊ မြင်တတ်သော။ ပရံ၊ သူတစ်ပါးကို။ ဓာနေယျ၊ အကယ်၍ သိနေခဲ့ငြားအံ့။ တံ ပရံ ၊ ထိုသူတပါးကို။ အဗ္ဗဿ၊ မိမိကိုယ်၏။ တံ၊ ထိုအပြစ်ကို။ ဒဋ္ဌုံ၊ မြင်နိုင်ရန်အလို့ငှာ။ ဘဓေယျ၊ မှီဝဲဆည်းကပ်ရာ၏။ ဝါ၊ ချဉ်းကပ်ရာ၏။ ဟိ၊ မှန်ပေ၏။ အဗ္ဗဝန္နံ၊ မိမိကိုယ်၌ရှိသော အပြစ်သည်။ ဝါ၊ အပြစ်ကို။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲပေ၏။

၃၆။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲသော။ အဗ္ဗနော ဝန္နံ၊ မိမိကိုယ်၏အပြစ်ကို။ ယော၊ အကြင်သူသည်။ စေ ဒီပေယျ၊ အကယ်၍ပြငြားအံ့။ စေ ဝဒေယျ၊ အကယ်၍ ဆိုငြားအံ့။ သော၊ ထိုအပြစ်ကိုပြဆိုသူသည်။ မေ၊ ငါ့အား။ သုဝဏ္ဏံ၊ ရခဲ၍ထိုက်တန် အရောင်အဆင်းမှန်သော ရတနာရွှေကို။ ဒေတိ၊ ပေးလာပေ၏။ ဣတိ၊ ဤသို့။ စိတ္တံ၊ စိတ်ကို။ သာဓုကော၊ သူတော်ကောင်းသဘော ရှိသောသူသည်။ ဌပေယျ၊ ထားရာ၏။

မြန်မာပြန်

၃၅။ အကြင်သူသည် ကိုယ့်အပြစ်ကို မြင်တတ်သော သူတစ်ပါးကို အကယ်၍ သိနေခဲ့ငြားအံ့၊ ထိုသူတစ်ပါးကို "ကိုယ့်အပြစ်ကို မြင်နိုင်ရန်အတွက်" ချဉ်းကပ်မှီဝဲရာ၏။ ထိုစကားသင့်လျော်၏။ အဘယ်ကြောင့်နည်း? ကိုယ့်အပြစ်ကို မြင်နိုင်ခဲသောကြောင့်တည်း။

၃၆။ သူတော်ကောင်းစိတ် ရှိသူသည် မြင်နိုင်ခဲသော ကိုယ့်အပြစ်ကို အကြင်လူတစ်ယောက်က ဖော်ပြပြောဆိုငြားအံ့ "ထိုလူကား ငါ့အား ရခဲသော ရတနာရွှေကို ပေးသူပါတကား" ဟု စိတ်ထားရာ၏။

၃၇။ ယထာ'တ္တနော နဋ္ဌာဋ္ဌမှိ၊ ကာဋ္ဌကာဒိမလေ သတိ။
တံ မလံ ဒဿနတ္တာယ၊ အာဒါသော တေန ဣစ္ဆိတော။ ။(ပထျာ)
၃၈။ တထေဝ ကာယဝါစာသု၊ ပဝတ္တံ အတ္တဒေါသကံ။
ဉာတုံ ဒေါသာနုပဿန္တော၊ ပုဂ္ဂလော တေန ဣစ္ဆိတော။ ။(ပထျာ)

မှန်ကိုဆောင်လေဘိသို့ အပြစ်ပြသူကို အလိုရှိအပ်၏

၃၇။ အတ္တနော၊ မိမိကိုယ်၏။ နဋ္ဌာဋ္ဌမှိ၊ နဖူး၌။ ကာဋ္ဌကာဒိမလေ၊ အမည်း (အမဲ) ကွက်စသော အညစ်အကြေးသည်။ သတိ၊ ရှိနေခဲ့သော်။ တံမလံ၊ ထိုအမည်းကွက် အညစ်အကြေးကို။ ဒဿနတ္တာယ၊ မြင်နိုင်ရန် အကျိုးငှာ။ အာဒါသော၊ ကြေးမုံမှန်ကို။ တေန၊ ထိုမြင်လိုသူသည်။ ဣစ္ဆိတော ယထာ၊ အလိုရှိအပ်သကဲ့သို့-
၃၈။ တထေဝ၊ အပြစ်မြင်ရန် ကြေးမုံမှန်ကို အလိုရှိသော ထိုနည်းအတူသာလျှင်။ ကာယဝါစာသု၊ ကိုယ်နှုတ်တို့၌။ ပဝတ္တံ၊ ဖြစ်ပေါ်လာတတ်သော။ အတ္တဒေါသကံ၊ ကိုယ့်အပြစ်ကို။ ဉာတုံ၊ သိခြင်းငှာ။ ဒေါသာနုပဿန္တော၊ အပြစ်ကိုမြင်တတ်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ တေန၊ ထိုအပြစ်ကိုမြင်လိုသောသူသည်။ ဣစ္ဆိတော၊ အလိုရှိအပ်၏။

မြန်မာပြန်

၃၇။ မိမိကိုယ်မှာ မျက်နှာပေါ်ဝယ် ဦးထိပ်နဖူး၌ အပြစ်အညစ်အကြေးအမည်း (မဲ)ကွက် ရှိနေခဲ့သော် ထိုအပြစ်အညစ်အကြေးအမဲကွက်ကို မြင်လိုပါက ကြည့်ရှုရန် ကြည်လင်သော ကြေးမုံမှန်ကို အမဲကွက်မြင်လိုသော ထိုသူသည်အလိုရှိအပ်သကဲ့သို့-
၃၈။ ထိုနည်းအတူပင် ကိုယ်နှုတ်တို့၌ ဖြစ်လျက်ပေါ်ပေါက်ဆိုက်ရောက်နေသော အပြစ်ကို သိမြင်ရန်အကျိုးငှာ အပြစ်ကိုမြင်တတ် ထုတ်ဖော်ပြောပြတတ်သော ပုဂ္ဂိုလ်ကို ကိုယ့်အပြစ်ကို သိမြင်လိုသောထိုသူသည်အလိုရှိအပ်ပေတော့၏။

၃၉။ ယော ဒုက္ကထံ အဘာသေတွာ၊ ပရေသံ တံ တိတိက္ခတိ။
ခန္တိယာ သဗ္ဗသိဒ္ဓတ္တာ၊ သောဝ အဒ္ဒါ ဇယော ဘဝေ။ ။(ပထျာ)
၄၀။ တဿ ကိစ္စေသု ဟိ'ညေဟိ၊ ကတတ္တာ စာနုလောမိကံ။
သကကိစ္စဿ သိဒ္ဓတ္တာ၊ ပစ္စက္ခေ သော ဇယော ဘဝေ။ ။(ပထျာ)

သီးခံခြင်းသည် အောင်ခြင်း

၃၉။ ယော၊ အကြင်သူသည်။ ဒုက္ကထံ၊ မကောင်းသောစကားကို။ အဘာသေတွာ၊ မပြောမဆိုမူ၍။ ပရေသံ၊ သူတစ်ပါးတို့၏။ တံ၊ ထိုမကောင်းသော စကားကို၊ တိတိက္ခတိ၊ သည်းခံ၏။ ခန္တိယာ၊ သည်းခံခြင်း၏။ သဗ္ဗသိဒ္ဓတ္တာ၊ အလုံးစုံပြီးစီးနိုင်သည်၏ အဖြစ်ကြောင့်။ သောဝ၊ ထိုသည်းခံသူသည်သာလျှင်။ အဒ္ဒါ၊ မချွတ်ကေန်အမှန်စင်စစ်။ ဇယော၊ အောင်ခြင်းသည်။ ဘဝေ၊ ဖြစ်၏။
၄၀။ ဟိ၊ ထိုစကားမှန်ပေ၏။ တဿ၊ ထိုသည်းခံသူ၏။ ကိစ္စေသု၊ အမှုအလုပ်ကိစ္စတို့၌။ အညေဟိ၊ သူတစ်ပါးတို့သည်။ အနုလောမိကံ၊ သင့်လျော်လျောက်ပတ်စွာ။ ကတတ္တာ စ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ သကကိစ္စဿ၊ မိမိကိုယ့်အမှုကိစ္စ၏။ သိဒ္ဓတ္တာ စ၊ ပြီးစီးသည်၏အဖြစ်ကြောင့်လည်းကောင်း။ ပစ္စက္ခေ၊ မျက်မှောက်၌။ သော၊ ထိုသည်းခံသူသည်။ ဇယော၊ အောင်မြင်သည်။ ဘဝေ၊ ဖြစ်၏။

မြန်မာပြန်

၃၉။ အကြင်သူသည် မကောင်းသောစကားကို မဆိုမူ၍ သူတစ်ပါးတို့ကပြောဆိုသော မကောင်းသော စကားကိုလည်း သည်းခံ၏။ သည်းခံခြင်းဟူသည် အလုံးစုံကို ပြီးစီးစေနိုင်သောကြောင့် ထိုသည်းခံသူသည်သာ ကေန်စင်စစ် အောင်မြင်သူ နိုင်သူ ဖြစ်ပေ၏။
၄၀။ ထိုစကားမှန်ပေ၏ ထိုသည်းခံသူ၏ ထိုထိုအမှုကိစ္စတို့၌ သူတစ်ပါးတို့က လျော်စွာပြုလုပ်သောကြောင့်လည်းကောင်း၊ ကိုယ့်အမှုကိစ္စလည်းပြီးစီးသွားသောကြောင့်လည်းကောင်း မျက်မှောက်၌ပင် ထိုသည်းခံသူသည် အောင်မြင်ပေတော့၏။

၄၁။ ယော အညေ ဒုက္ကထံ ဝတွာ၊ အဟံ ဇေယော'တိ မညတိ။
ဇဝံ မညေပိ နော ဇေယျော၊ သောဝ အဒ္ဓါ ပရာဇယော။ ။(ပထျာ)
၄၂။ တဿ ကိစ္စေသု ဟိ ညေဟိ၊ ကတတ္တာ စ ဝိကောပနံ။
တက္ကိစ္စဿ အသိဒ္ဓတ္တာ၊ ပစ္ဆာဝေ ဝ ပရာဇယော။ ။(ပထျာ)

ပြစ်တင်, ငြင်းသန်, ခက်ထန်စွာ ဆိုခဲ့ခြင်းသည် အောင်ခြင်းမဟုတ်၊ ရှုံးခြင်း

၄၁။ ယော၊ အကြင်သူသည်။ အညေ၊ သူတစ်ပါးတို့ကို။ ဒုက္ကထံ၊ ပြစ်တင်ပြင်းထန်၊ အငြင်းသန်လျက်၊ ခက်ထန်ဆိုကြောင်း၊ မကောင်းသောစကားကို။ ဝတွာ၊ ပြောဆိုပြီး၍။ အဟံ၊ ငါသည်။ ဇေယော၊ အောင်နိုင်၏။ ဣတိ၊ ဤသို့။ မညတိ၊ အောက်မေ့မှတ်ထင်၏။ ဇဝံ၊ ဤသို့။ မညေပိ၊ ထင်မှတ်ပါသော်လည်း။ ဇေယျော၊ အောင်နိုင်ခြင်းသည်။ နော၊ မဟုတ်ပေ။ သောဝ၊ ထိုသူသည်သာလျှင်။ အဒ္ဓါ၊ မချွတ်ကေန်အမှန်စင်စစ်။ ပရာဇယော၊ ရှုံးနေပါ၏။
၄၂။ ဟိ၊ ထိုစကားမှန်ပေ၏။ တဿ၊ ထိုမကောင်းသောစကားကိုဆိုသူ၏။ ကိစ္စေသု၊ အလုပ်ကိစ္စတို့၌။ အညေဟိ၊ သူတစ်ပါးတို့က။ ဝိကောပနံ၊ ပျက်အောင်ဖျက်ဆီးခြင်းကို။ ကတတ္တာ စ၊ ပြုအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ တက္ကိစ္စဿ၊ ထိုအလုပ်ကိစ္စ၏။ အသိဒ္ဓတ္တာ စ၊ မပြီးစီးသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ပစ္ဆာဝေ၊ မျက်မှောက်၌သာလျှင်။ ပရာဇယော၊ ရှုံးနေပါ၏။

မြန်မာပြန်

၄၁။ အကြင်သူသည် ငြင်းခုံပြောကြားဆိုးဝါးသော စကားကို သူတစ်ပါးတို့အား ပြောဆိုပြီးလျှင် ငါအောင်သည် ငါနိုင်သည်ဟု ထင်မှတ်တတ်၏။ ဤသို့ထင်မှတ်ပါသော်လည်း လုံးဝအောင်နိုင်ခြင်း မဟုတ်ပါ။ ထိုသူသည်သာလျှင် အရှုံးစင်စစ်ဖြစ်ပါပေ၏။
၄၂။ ထိုစကားမှန်၏။ ထိုမကောင်းဆိုးဝါးသောစကားကို ပြောဆိုသူ၏ အလုပ်ကိစ္စတို့၌ သူတစ်ပါးတို့က ပျက်အောင် ဖျက်ဆီးခြင်းကို ပြုကြသဖြင့် ထိုကိစ္စမပြီးစီး မအောင်မြင်သောကြောင့် မျက်မှောက်အခါမှာပင် ပျက်စီးဆုံးရှုံးရပေ၏။

၄၃။ ဂဏာဝါသော မဟာဒုက္ခော၊ ဧကီဘာဝေါ သုခေါ ဣတိ။
ဥတွာ ဂဏံ ဖေဟိတွာန၊ စရေယျ ဧကစာရိကံ။ ။(ပထျာ)
၄၄။ ဝုတ္တံ ဟိ ဘဂဝန္တေန၊ ဇာနတာပိ စ ပဿတာ။
"ဧကဿ စရိတံ သေယျော၊ နတ္ထိ ဗာလေ သဟာယတာ" တိ။ (ပထျာ)

ပေါင်းဖော်ပယ်စွန့် တစ်ပါးတည်းကျင့်လော့

၄၃။ ဂဏာဝါသော၊ အပေါင်းအဖော်နှင့် အတူနေရခြင်းသည်။ မဟာဒုက္ခော၊ များသော ဆင်းရဲခြင်းရှိ၏။ ဧကီဘာဝေါ၊ တစ်ပါးတည်းနေသည်၏အဖြစ်သည်။ သုခေါ၊ ချမ်းသာလှပေ၏။ ဣတိ၊ ဤသို့၊ ဥတွာ၊ သိပြီး၍။ ဂဏံ၊ အပေါင်းအဖော်ကို။ ဖေဟိတွာန၊ စွန့်ထားခဲ့ပြီး၍။ ဧကစာရိကံ၊ တစ်ပါးတည်းသွားလာနေထိုင်ကျင့်သုံးခြင်းကို။ စရေယျ၊ ကျင့်ရာ၏။
၄၄။ ဟိ၊ ထိုစကားမှန်၏။ ဇာနတာပိစ၊ သိတော်မူသည်လည်းဖြစ်သော။ ပဿတာပိစ၊ မြင်တော်မူသည်လည်းဖြစ်သော။ ဘဂဝန္တေန၊ မြတ်စွာဘုရားသည်။ "ဧကဿ၊တစ်ပါးသည်း။ စရိတံ၊ ကျင့်သုံးနေထိုင်ခြင်းသည်။သေယျော၊ မြတ်၏။ ဗာလေ၊ သူမိုက်တို့ကို။ သဟာယတာ၊ အဖော်ပြုသည်၏အဖြစ်သည်။ နတ္ထိ၊ မရှိသင့်ပြီ" ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

မြန်မာပြန်

၄၃။ အပေါင်းအဖော်နှင့်အတူနေလျှင် များစွာဆင်းရဲသည်။ တစ်ပါးတည်နေလျှင် ချမ်းသာသည်။ ဤသို့ သိပါမူကား အပေါင်းအဖော်ကိုစွန့်ခွာပယ်ထား၍ တစ်ပါးတည်းသွားလာ နေထိုင်ကျင့်သုံး နည်းကို ကျင့်သုံးနေထိုင်ရာ၏။
၄၄။ တိုစကားမှန်၏။ သိတော်မူ မြင်တော်မူသောမြတ်စွာဘုရားသည် (တစ်ပါးတည်းနေထိုင်ကျင့် သုံးခြင်းသည် မြတ်၏။ သူမိုက်တို့ကို အဖော်ပြု၍ နေခြင်းသည်မရှိသင့်ပြီ) ဤကဲ့သို့ ဟောတော်မူပေပြီ။

၄၅။ သတ္ထာ ရည ေ ဝိဇာတော ခေါ၊ နဂရာ နိက္ခမိ ရည်။
ဒုက္ကရံ အစရိ ရည ေ၊ အရည ေ ဗုဒ္ဓတံ ပတ္တော။ ။(ဝတ္တ)
၄၆။ အာဒိမဗ္ဘံ ကထိ ရည ေ၊ ဗဟုလံ ဝသိ ရည မှိ။
အရည ေ ပရိနိဗ္ဗာယိ၊ ဓဝံ သဗ္ဗံ သိယာ ရည ေ။ ။(ဝတ္တ)

စ, လယ် အဆုံး တော၌ ပုန်း ကျင့်ထုံးစံပြ နိဿယ

၄၅။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အရည ေ၊ လုမ္ဗိနီခေါ်သော အင်ကြင်းတော၌။ ခေါ၊ စင်စစ်။ ဝိဇာတော၊ မွေးဖွားတော်မူပြီ။ နဂရာ၊ မြို့တော်မှ။ အရည်၊ တောသို့။ နိက္ခမိ၊ ထွက်ကြွတော်မူပြီ။ ဒုက္ကရံ၊ ပြုနိုင်ခဲသောအကျင့်ကို။ အရည ေ၊ တော၌။ အစရိ၊ ကျင့်တော်မူပြီ။ အရည ေ၊ တော၌။ ဗုဒ္ဓတံ၊ လုံးစုံသိပြားဘုရား၏အဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပြီ။
၄၆။ အရည ေ၊ မိဂဒါဝုန်တော၌။ အာဒိမဗ္ဘံ၊ အစအထူးတရားဦးကို။ ကထိ၊ ဟောတော်မူပြီ။ ဗဟုလံ၊ များစွာ များသောအားဖြင့်။ အရည မှိ၊ တော၌။ ဝသိ၊ သီတင်းသုံးနေထိုင်တော်မူပြီ။ အရည ေ၊ တော၌။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီ။ ဓဝံ၊ ဤသို့။ သဗ္ဗံ၊ အလုံးစုံကိစ္စသည်။ အရည ေ၊ တော၌။ သိယာ၊ ဖြစ်ရာ၏။

မြန်မာပြန်

၄၅။ မြတ်စွာဘုရားသည် လုမ္ဗိနီအင်ကြင်းတော၌ ဖွားမြင်တော်မူပြီ၊ မြို့တော်မှတောသို့ ထွက်ကြွတော်မူခဲ့ပြီ၊ ပြုကျင့်နိုင်ခဲသော အကျင့်ကိုတော၌ (၆)နှစ်ကြာအောင် ကျင့်တော်မူခဲ့ပြီ။ တောမှာပင် လုံးစုံသိပြား ဘုရားအဖြစ်သို့ရောက်တော်မူပြီ။
၄၆။ မိဂဒါဝုန်တော၌ တရားဦးဟောတော်မူခဲ့ပြီ၊ များသောအားဖြင့် တော၌သီတင်းသုံး နေထိုင်တော်မူခဲ့ပါပြီ၊ တော၌ပင် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ပြီ၊ ဤကဲ့သို့ အလုံးစုံ အမှုကိစ္စသည် တောအရပ်မှာ ဖြစ်ရပါပေ၏။

၄၇။ အရည် နာမ ဗုဒ္ဓေန၊ ဒိန္နံ ဒါယဇ္ဇမူလိကံ။
တသ္မာ တံ ဂဏှိတုံ’ရညေ၊ ဝါသော ကတောဝ ဘိက္ခုနာ။ ။(ပထျာ)
(ဂ) ဒွိပဉ္စတိ နဝကော်ဟိ၊ လက္ခိတေ ဗုဒ္ဓဝဿမှိ။
ကော တိ ပဉ္စ သတ္တကော်၊ ဂဟာဋ္ဌလက္ခိတေ ဝဿေ။ ။(ဝဏ္ဏ)

ဂနိုင်, မြိုင်, တောသည် မြတ်စွာဘုရားပေးခဲ့သော အမွေပစ္စည်း

၄၇။ အရည် နာမ၊ ဂနိုင်, မြိုင်တော မည်သည်ကား။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဒိန္နံ၊ ရဟန်းတို့အား ပေးအပ်သော။ ဒါယဇ္ဇ မူလိကံ၊ အမွေပစ္စည်းရင်းဖြစ်ပေ၏။ တသ္မာ၊ ထိုကြောင့်။ တံ၊ ထိုအမွေပစ္စည်းရင်းကို။ ဂဏှိတုံ၊ အရယူခြင်းငှာ။ အရညေ၊ တော၌။ ဝါသော၊ နေခြင်းကို။ ဘိက္ခုနာ၊ ရဟန်းသည်။ ကတောဝ၊ ပြုအပ်သည်သာလျှင်တည်း။

နိဂုံးနှင့် စီရင်သည့်ခုနှစ်

(ဂ) ဒွိပဉ္စတိနဝကော်ဟိ၊ နှစ်ငါးသုံးကိုး (၂၅၃၉) အမှတ်တို့ဖြင့်။ လက္ခိတေ၊ မှတ်အပ်သော။ ဗုဒ္ဓဝဿမှိ၊ ဘုရားသာသနာတော်နှစ်၌လည်းကောင်း။ ကောတိပဉ္စသတ္တကော်၊ တစ်သုံးငါးခုနစ် (၁၃၅၇) အမှတ်ရှိသော။ ဂဟာဋ္ဌ၊ လက္ခိတေ ဝဿေ၊ လူတို့မှတ်သောနှစ်၌လည်းကောင်း။

မြန်မာပြန်သက်သက်

၄၇။ မြို့ရွာမနီးတောမြိုင်ကြီးမည်သည်ကား မြတ်စွာဘုရားက တပည့်သားရဟန်းတို့အား ပေးအပ်သော အမွေပစ္စည်းရင်းဖြစ်ပေ၏။ ထို့ကြောင့် ထိုအမွေပစ္စည်းရင်းကို အရယူခြင်းငှာ ယူလိုသော ရဟန်းသည် တော၌ နေခြင်းကို ပြုရာ၏။

နိဂုံး

(ဂ) နှစ်ငါးသုံးကိုးအမှတ်ဖြင့် မှတ်အပ်သော ဘုရားသာသနာတော်(၂၅၃၉) ခုနှစ်။ တစ်သုံးငါးခုနစ် အမှတ်သညာရှိသောလူမှတ် သက္ကရာဇ်(၁၃၅၇) ခုနှစ်။

(ဃ) ဖုဿဿဿ သုက္ကပက္ခမှိ၊ အဋ္ဌမာဟေ ဂရုဒ္ဒိနေ။
သာယနှေ တိယင်္ဂကမှာ၊ ဆမိနာတိက္ကမေ ခဏေ။ ။(ပထျာ)
(င) ဘဒ္ဒန္တ တိဿရေနေဝ၊ ရစိတာ မေ့သံယုတ္တာ။
သတ္တတာလီသဂါထာယော၊ သုခေန နိဋ္ဌိတံ ပတ္တာ။ (ဝတ္တ)

ပြီးစီးသည့် လ, ရက်, အချိန် အရှင်တိဿရထေရ် စီရင်

(ဃ) ဖုဿဿဿ၊ ပြာသိုလ၏။ သုက္ကပက္ခမှိ၊ လဆန်းပက္ခ၌။ အဋ္ဌမာဟေ၊ (၈) ရက်မြောက်ရက်၌။ ဂရုဒ္ဒိနေ၊ ကြာသပတေးနေ့၌။ သာယနှေ၊ ညနေချမ်းအခါ၌။ တိယင်္ဂကမှာ သုံး (၃) နာရီမှ။ဆမိနာတိက္ကမေ၊ မြောက်(၆) မိနစ် ကျော်လွန်သော။ ခဏေ၊ အချိန်ခဏ၌-
(င) ဘဒ္ဒန္တ တိဿရေနေဝ၊ အရှင်တိဿရထေရ်သည်ပင်လျှင်။ ရစိတာ၊ စီရင်အပ်ကုန်သော။ မေ့သံယုတ္တာ၊ တရားနှင့်စပ်ယှဉ်ညီညွတ်ကုန်သော။ သတ္တတာလီသဂါထာယော၊ လေးဆယ့်ခုနစ် (၄၇) ဂါထာတို့သည်။သုခေန၊ ချမ်းသာလွယ်ကူစွာဖြင့်။ နိဋ္ဌိတံ၊ပြီးစီးခြင်းသို့။ ပတ္တာ၊ ရောက်ကုန်ပြီ။

မြန်မာပြန်သက်သက်

(ဃ) ပြာသိုလဆန်း (၈)ရက် ကြာသပတေးနေ့ နေလွဲညနေချမ်းအခါ သုံးနာရီ ခြောက်မိနစ်အချိန်၌-
(င) အရှင်တိဿရထေရ် စီရင်ရေးသားအပ်ကုန်သော တရားနှင့်စပ်ယှဉ်ညီညွတ်ကုန်သော လေးဆယ့်ခုနစ် (၄၇) ဂါထာတို့သည် ချမ်းသာလွယ်ကူစွာ ပြီးစီးခြင်းသို့ ရောက်ကြပါပြီ။

ထန်းတပင်တောရကျောင်းတိုက်ရှိ ရဟန်းတော်များ၏ စည်းမျဉ်းဥပဒေသခေါ် ကတိကဝတ်များ

၁။ ဤတောရကျောင်းတိုက်၌ နေကြသော ရဟန်းတော်များသည် ရွှေငွေကို အလှူမခံ ပယ်လှန်ခြင်း, ရွှေငွေဖြင့် ဝယ်ယူထားသော ပစ္စည်းဘဏ္ဍာများမရှိ ကင်းစင်ခြင်းစသော ဝိနည်းသိက္ခာပုဒ်များကို လေးစားစွာ ကျင့်သုံးကြရမည်။

၂။ အဆိုပါ သိက္ခာပုဒ် (၂) ပါးတို့ကို ဤတောရကျောင်းသို့ မရောက်သေးခင်ကပင် မိမိ၏ သဒ္ဓါ စေတနာအလိုဆန္ဒဖြင့် ရှောင်ကြဉ်ကျင့်သုံးပြီး ဖြစ်ရမည်။

မှတ်ချက် ။ ။ ဝိနည်းသိက္ခာပုဒ်များကို သင်ယူပြီးသိပြီး ဖြစ်ရမည်။

၃။ ဆွမ်းစူတင် (၅)ပါးတို့ကို ကျင့်သုံးသောအားဖြင့် သာမူနာမူကိစ္စများ၌ အလှူခံခြင်းမှ ရှောင်ကြဉ်ရမည်။

၄။ တောရအရညကင်စူတင်ကို အနည်းဆုံး(၄)လ မပ္ပဒရအောင် ကျင့်သုံးပြီးလျှင် ဆက်လက်၍ ကျင့်သုံးလိုမှသာ (၁၂)လ ဥက္ကဋ္ဌရသည့်တိုင်အောင် ကျင့်သုံးရမည်။

၅။ ကြွင်းကျန်သော စူတင်များကိုလည်း (၂)ပါး (၃) ပါးမှစ၍ စွမ်းနိုင်လျှင် (၁၃)ပါးတိုင်အောင်ပင် ကျင့်သုံးရမည်။

၆။ ဂိလာနဖြစ်သောအခါ စူတင်ကျင့်သုံးမှုကို ပယ်ဖျက်၍ ဝိနည်းသိက္ခာပုဒ်များကိုသာ ကျင့်သုံးသောအားဖြင့် ကျန်းမာရေးကို အလေးထား၍ နေထိုင်ရမည်။

၇။ ဤတောရကျောင်းတိုက်၌ နေလိုပါသည်ဟု ဆိုသော ရဟန်းတော်သည်အဆိုပါပုဒ်မ ၁ ၂ တို့နှင့် ညီညွတ်ပါသည်ဟု ဝန်ခံလျှင်, ရဟန်းအချင်းချင်း ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာနေနိုင်ပါသည်ဟု ဝန်ခံလျှင် ထိုရဟန်းကို နေခွင့်ပြုရမည်။

ကထိကဝတ်ပြုကြသောရဟန်းတော်များ

၁။ အရှင်တိဿရ	နဘူးကျောင်းတောရ၊	ရမည်းသင်းမြို့နယ်၊	မန္တလေးတိုင်း
၂။ အရှင်နယန	ထန်းတပင်တောရ၊	လယ်ဝေးမြို့နယ်	ယခုနေပြည်တော်
၃။ အရှင်ဉာဏိန္ဒ	မဟာမြိုင်တောရ၊	လယ်ဝေးမြို့နယ်	ယခုနေပြည်တော်
၄။ အရှင်ပညာဝံသ	ကြာပင်တောရ၊	လယ်ဝေးမြို့နယ်	ယခုနေပြည်တော်
၅။ အရှင်တေဇနိယ	ထန်းတပင်တောရ	လယ်ဝေးမြို့နယ်	ယခုနေပြည်တော်
၆။ အရှင်ဇောတိက	ရေချမ်းအိုးတောရ	ပြင်ဦးလွင်မြို့နယ်	မန္တလေးတိုင်း
၇။ အရှင်ကောဝလ	ကြာပင်တောရ	လယ်ဝေးမြို့နယ်	ယခုနေပြည်တော်
၈။ အရှင်တိက္ခ	ထန်းတပင်တောရ	လယ်ဝေးမြို့နယ်	ယခုနေပြည်တော်
၉။ အရှင်ဓမ္မပါလ	ထန်းတပင်တောရ	လယ်ဝေးမြို့နယ်	ယခုနေပြည်တော်
၁၀။ အရှင်နိမ္မလ	မဟာမြိုင်တောရ	လယ်ဝေးမြို့နယ်	ယခုနေပြည်တော်

ကထိကဝတ်ပြုသောနေ့ကား

၁၃၄၈ ခုနှစ် တပို့တွဲလဆန်း (၁၀) ရက် တနင်္ဂနွေနေ့ ဖြစ်ပါသည်။

အကျဉ်းမှတ်ဖွယ်လင်္ကာ

* ရွှေ ငွေ ပယ်ကြည် (၁)
* မလာခင်ကျင့် (၂)
* ရှုတင်ဆွမ်းခံ (၃)
* တောစံလေးလ (၄)
* ဆယ့်သုံးရတိုင် (၅)
* နာတိုင်ပယ်မှု (၆)
* ဆိုညီမှုနေ၊ ခုနစ်တွေသည်၊ ပြုလေကတိက မှတ်ကုန်ကြ (၇)

နောက်ဆက်တွဲ (က)

နဘူးကျောင်း ရန်ကင်းတောရဆရာတော်၏ (ဗိဇ္ဇာစုကတိ)သို့လိုက်၍ ရှုတင်ထောင်မထေရ်များ သီတင်းသုံးလျက်ရှိသော တောရကျောင်းများ

၁။	ရန်ကင်းတောရ	နဘူးကျောင်းရွာ	ရမည်းသင်းမြို့နယ်
၂။	အင်ကြင်းမြိုင်တောရ	နဘူးကျောင်းအုပ်စု	ရမည်းသင်းမြို့နယ်
၃။	တမာတောင်တောရ	နဘူးကျောင်းအုပ်စု	ရမည်းသင်းမြို့နယ်
၄။	သစ္စာဂုဏ်တောရ	အလယ်လုန်းအုပ်စု	ရမည်းသင်းမြို့နယ်
၅။	ချောင်းဆုံတောရ	သရက်ပင်ရွာ	နေပြည်တော် တပ်ကုန်း
၆။	လုံးမပုတောရ	သစ်ဆိမ့်ပင်ရွာ	နေပြည်တော် တပ်ကုန်း
၇။	ကျားတက်တောင်တောရ	ချင်းစုရွာ	နေပြည်တော် တပ်ကုန်း
၈။	ရေငံတောင်တောရ	ဆည်တိုရွာ	နေပြည်တော် တပ်ကုန်း
၉။	ကြို့ပင်တောရ	သရက်ကွင်းရွာ	နေပြည်တော် တပ်ကုန်း
၁၀။	ရေနီစမ်းတောရ	ဆွေ့ကြီးရွာ	နေပြည်တော် တပ်ကုန်း
၁၁။	ထန်းတပင်တောရ	ထန်းတပင်ရွာ	နေပြည်တော် လယ်ဝေး
၁၂။	ဆုတောင်းပြည့်တောရ	ထန်းတပင်ရွာ	နေပြည်တော် လယ်ဝေး
၁၃။	မဟာမြိုင်တောရ	ထန်းတပင်တောရအနီး	နေပြည်တော် လယ်ဝေး
၁၄။	ရွှေစေတီတောရ	ထန်းတပင်တောရအနီး	နေပြည်တော် လယ်ဝေး
၁၅။	ညီအစ်မကောင်းမှုတောရ	ကျွန်းတက်ပုံ့ချိုင့်ရွာ	နေပြည်တော် လယ်ဝေး
၁၆။	မှန်တောင်တောရ	သာဂရမြို့	ရေတာရှည်မြို့နယ်
၁၇။	နတ်ကန်ချောင်းတောရ	ပလဝါကျေးရွာအုပ်စု	ဝမ်းတွင်းမြို့နယ်
၁၈။	ရန်ကင်းတောရ	မြောင်းဦးရွာ	စကုမြို့နယ်
၁၉။	လဲဘူးတောရ	လဲဘူးရွာ	နတ်မြောက်မြို့နယ်
၂၀။	တောင်လတ်တောရ	မင်းတုံးမြို့နယ်	သရက်ခရိုင်
၂၁။	ထုံးတောင်တောရ	ငမင်ရွာ	တောင်တွင်းကြီးမြို့နယ်
၂၂။	ရွှေဒါးတောရ	ရွှေဒါးရွာ၊	ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်း
၂၃။	မင်္ဂလာတောရ	အလယ်ကုန်းရွာ	ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်း
၂၄။	ရန်ရှင်းတောရ	အင်းကုန်းရွာ	ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်း
၂၅။	ကမ္မဋ္ဌာန်းကျောင်းသစ်တောရ	တော်ကူးရွာ	မုဒုံမြို့နယ်၊ မွန်ပြည်နယ်
၂၆။	ကျောက်ကြီးတောင်တောရ	ကွမ်းအုံစုရွာ	ပေါက်ခေါင်းမြို့နယ်၊ (ပြည်) ပဲခူးတိုင်း
၂၇။	မဟာဝိဟာရတောရ	၅၀၂၊ လေတပ်အနီး	မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း
၂၈။	ကျောက်ဘုရားတောရ	၅၀၂၊ လေတပ်အနီး၊	မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း

မှတ်ချက် ။ ။ မိမိသိသမျှ ဖော်ပြခြင်းသာဖြစ်ပါသည်။ စာရင်းအသစ် ထပ်မံရရှိပါက ပြုစု မှတ်တမ်းတင်ပါမည်။ စီစဉ်သူထံ စာရင်းပို့တော်မူကြပါရန် အစီရင်ခံပါသည်။

စီစဉ်သူ – သိမ်းဆောင် (ရမည်းသင်း)

ရမည်းသင်းမြို့နယ်၊ နဘူးကျောင်းကျေးရွာ၊ ရန်ကင်းတောရ ကျော့ငှုးရှင်တောရ ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူခဲ့သော ကျမ်းစာများ။

ဓမ္မစေတီကျောက်စာတိုက်တည်ရှိရာနှင့် ကျောက်စာအလှူရှင်များ

(က) ကျောက်စာတိုက် ကျပ်သိန်း ၁၅၀ အလှူရှင်များ

ဦးစိန်မောင် + ဒေါ်ဝင်းမာ (သား) အောင်ခိုင်ဇော်၊ ပြည့်မှူးဇော်
အမှတ် ၁၅ (က)၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့ ကျပ် သိန်း ၁၅၀

(ခ) ဆရာတော်ကြီးပုံတူ ရုပ်ထု ကျပ် ၆ သိန်း အလှူရှင်

ဦးအောင်ခ + (ဒေါ်ခင်ကြိုင်) သား ကိုစိုးသန်း + မမြဝင်းနှင့်
သားသမီး မြေးတစု ဒေါင်းမင်းဆီစက်၊ လမ်းမတော်
တပ်ကုန်းမြို့၊ နေပြည်တော်။ ၆၀၀၀၀၀ ကျပ်

(ဂ) ကျောက်စာအလှူရှင်များ

၁။ ဦးအောင်ခ + (ဒေါ်ခင်ကြိုင်) သားကိုစိုးသန်း + မမြဝင်း သားသမီး မြေးတစ်စု ဒေါင်းမင်းဆီစက်၊ လမ်းမတော်၊ နေပြည်တော်၊ တပ်ကုန်းမြို့ ။	၂၁ ချပ်	၂၁၀၀၀၀၀ ကျပ်
၂။ ဦးထွန်းမြ + ဒေါ်မြပု ဈေးအနောက်ဘက်၊ ရမည်းသင်းမြို့၊	၁ ချပ်	၉၀၀၀၀ ကျပ်
၃။ ဦးတင့်ရွှေ+ ဒေါ်ခင်ဝေစည် (ရွှေပြည့်စုံ ဗီဒီယို) ဇီဇဝါအိမ်ရာ၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့၊	၁ ချပ်	၉၀၀၀၀ ကျပ်
၄။ ဦးမျိုးသန့် + ဒေါ်တင်ညွန့်ရွှေ တောင်ငူတန်းလမ်း၊ ရမည်းသင်းမြို့၊	၁ ချပ်	၉၀၀၀၀ ကျပ်
၅။ ဦးတင့်ဝေ + ဒေါ်စန်းစန်းမြင့် (ရွှေပြည့်စုံဗီဒီယို) ဇီဇဝါအိမ်ရာ၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့၊	၁ ချပ်	၉၀၀၀၀ ကျပ်
၆။ ဦးဇော်ဝင်း + (ဒေါ်သန်းသန်းမြင့်) နှင်းရာဇာသံဆိုင်၊ ပျဉ်းမနားမြို့၊ နေပြည်တော်၊	၁ ချပ်	၉၀၀၀၀ ကျပ်
၇။ ဦးသော်တာ + ဒေါ်ရွှေးရွှေးရီ ၄ လမ်း၊ ရွှေချီရပ်၊ ပျဉ်းမနားမြို့၊ နေပြည်တော်၊	၁ ချပ်	၉၀၀၀၀ ကျပ်

၈။ ဦးသန်းလွင် + ဒေါ်စိန်စိန် ရွှေပေါ်ထွန်း စားသောက်ဆိုင်
နေပြည်တော် ပျဉ်းမနားမြို့၊ ၁ ချပ် ၉၀၀၀၀ ကျပ်

၉။ ဦးကြည်လှ + ဒေါ်တင်အေး
ဇာမဏီ မိုတယ် နေပြည်တော် ပျဉ်းမနားမြို့၊ ၁ ချပ် ၉၀၀၀၀ ကျပ်

၁၀။ ဦးဌေး + ဒေါ်ငြိမ်းရင်
နဘူးကျောင်းရွာ၊ ရမည်းသင်းမြို့၊ ၁ ချပ် ၁၀၀၀၀၀ ကျပ်

၁၁။ ဦးမြင့် + ဒေါ်ခင်သန်းမြင့်
မိုလ်မင်းရောင်ရပ်ကွက်၊ နေပြည်တော်၊ တပ်ကုန်း၊ ၁ ချပ် ၁၀၀၀၀၀ ကျပ်

၁၂။ ဒေါ်တင်တင်ညို၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်သန်းသန်းနွဲ့
၉–နွယ်နီလမ်း၊ အလုံ၊ ရန်ကုန်မြို့၊ ၁ ချပ် ၁၀၀၀၀၀ ကျပ်

၁၃။ ဦးန + ဒေါ်ကြင်န
ဆီစက်နှင့် ကုန်မျိုးစုံ ရောင်းဝယ်ရေး၊
နေပြည်တော်၊ တပ်ကုန်းမြို့၊ ၁ ချပ် ၁၀၀၀၀၀ ကျပ်

၁၄။ ဦးမောင်မြင့် + ဒေါ်ဝင်းမြင့်ဦး
သရဖူပွဲရုံ၊ နေပြည်တော်၊ တပ်ကုန်းမြို့၊ ၁ ချပ် ၁၀၀၀၀၀ ကျပ်

၁၅။ ဦးအောင် + ဒေါ်ဒေါင်း
အောင်ဆီစက်၊ ညောင်လွန့်ရွာ၊
နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ၁ ချပ် ၁၀၀၀၀၀ ကျပ်

၁၆။ ဦးသိန်းအောင် + ဒေါ်တင်တင်မိုး
ရွှေလမင်း နို့ဆီစက်၊ ပျော်ဘွယ်မြို့၊ ၁ ချပ် ၁၀၀၀၀၀ ကျပ်

၁၇။ (မိုလ်ကြီး ခင်မောင်)+ဒေါ်ကြည်ကြည်
၈ လမ်း၊ ရွှေချီရပ်ကွက်၊ နေပြည်တော်၊ ပျဉ်းမနားမြို့ ၁ ချပ် ၁၀၀၀၀၀ ကျပ်

၁၈။ ဒေါက်တာခင်မောင် + ဒေါ်ညိုညို
ပြည်သူ့ဆေးရုံကြီး၊ ပုလဲမြို့၊ ၁ ချပ် ၁၀၀၀၀၀ ကျပ်

၁၉။ ဦးမြင့်သန်း + ဒေါ်ခင်သောင်း
ရွှေပြည်သာရပ်ကွက်၊ ရမည်းသင်းမြို့၊ ၁ ချပ် ၁၀၀၀၀၀ ကျပ်

၂၀။ ဦးသန်းဆွေ + ဒေါ်ခင်သန်းမြင့်
ရွှေပြည်သာရပ်ကွက်၊ ရမည်းသင်းမြို့၊ ၁ ချပ် ၁၀၀၀၀၀ ကျပ်

၂၁။	ဦးအောင်လင်း (တူမ) မသင်းသင်းဝေ		
	ပန်းရိုးမ ပွဲရုံနှင့် နီလာသင်းရွှေဆိုင်၊ ရမည်းသင်းမြို့၊	၁ ချပ်	၁၀၀၀၀၀ ကျပ်
၂၂။	ဒေါ်ထွေးကြည် နှင့် သား, သမီး, မြေးတစ်စု		
	နဘူးကျောင်းရွာ၊ ရမည်းသင်းမြို့နယ်၊	၁ ချပ်	၁၀၀၀၀၀ ကျပ်
၂၃။	ကိုဘိုနီ + မယဉ်ငွေ		
	ကြာပင်အင်းရွာ၊ ရမည်းသင်းမြို့နယ်၊	၁ ချပ်	၁၀၀၀၀၀ ကျပ်
၂၄။	ကိုကျော်စန်း + မခင်ထားမြင့်		
	အင်းကုန်းရွာ၊ ရမည်းသင်းမြို့၊	၁ ချပ်	၁၀၀၀၀၀ ကျပ်
၂၅။	ဦးဘိုနီ + ဒေါ်သန်းအေး		
	ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်၊	၁ ချပ်	၁၀၀၀၀၀ ကျပ်
၂၆။	(ဦးဖောင်း + ဒေါ်ဖွားရွှေ)သား,သမီးတစ်စု		
	အောင်ချမ်းသာရွာ၊ ရမည်းသင်းမြို့၊	၁ ချပ်	၁၀၀၀၀၀ ကျပ်
၂၇။	ဦးထွန်းရွှေ + ဒေါ်အေးတင်		
	(သား) ကိုသွန်းထွန်း + မလှအုန်းကြည်		
	အောင်ချမ်းသာရွာ၊ ရမည်းသင်းမြို့နယ်၊	၁ ချပ်	၁၀၀၀၀၀ ကျပ်
၂၈။	ဦးစံရီ + ဒေါ်အောင်မေရီ		
	စိုးမိုး နို့ဆီ၊ ကင်မွန်းခြံကားဂိတ်၊ ရမည်းသင်းမြို့၊	၁ ချပ်	၁၀၀၀၀၀ ကျပ်
၂၉။	ကိုတင်ရှိန် + မစန်းမြင့်		
	ပျဉ်းမတောရွာ၊ ရမည်းသင်းမြို့နယ်၊	၁ ချပ်	၁၀၀၀၀၀ ကျပ်
၃၀။	စေတနာရှင်များ စုပေါင်းကောင်းမှု	၁ ချပ်	၁၀၅၀၀၀ ကျပ်
	စုစုပေါင်း	**၅၀ ချပ်**	**၄၉,၂၅၀၀၀ ကျပ်**

ပေါင်း (ကျပ် လေးဆယ့်ကိုးသိန်းနှစ်သောင်းငါးထောင်)

ရေစက်ချမင်္ဂလာ၊ ရက်စွဲ၊ ၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၂) ရက်

၂၆–၁၂–၂၀၀၇ (ဗုဒ္ဓဟူးနေ့)။

ဤကျမ်းစာ တတိယအကြိမ် ကျပ်ငွေ သုံးသိန်းအလှူရှင်များ

ဗိုလ်ကြီး သိန်းစိုးနိုင် (ငြိမ်း) ဒုတိယအထွေထွေမန်နေဂျာ

မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

ဦးအောင်မျိုးသန့်

UOK ကုမ္ပဏီ

ဦးထွန်းထွန်းဝင်း

UOK ကုမ္ပဏီ

ဦးစိုးမင်း

UOK ကုမ္ပဏီ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

ကျမ်းစာ ကျောက်စာ တရားအလှူမြတ်ဆုံးဟူ

အလှူတကာ ပေါင်းများစွာထက်၊ တရားအလှူ ပေးသည့်သူကား။
အများသူငါ၊ မယုဉ်သာအောင်၊ အခေါင်မိပတိ တုမရှိဟု၊
မုနိထွဋ်ထား၊ ဟောမိန့်ကြားသည်၊ အလှူပေးစေသော်။

သာသနာအရှည်တည်ရေးအလားတူ လှူဒါန်းလိုသူများ စီစဉ်သူထံ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

စီစဉ်သူ သိမ်းဆောင် (ရမည်းသင်း)

ကျေးဇူးတင်မော်ကွန်းလွှာ

မွေ့သံယုတ္တဂါထာ (ခေါ်) တရားနှင့်ယှဉ်နေစေချင် ကျမ်းစာ တတိယအကြိမ် ရိုက်နှိပ်မှတ်တမ်းတင် လှူဒါန်းနိုင်ရေးအတွက် –

◆ မဟာတိဿရစေတီတော် တည်ထားပြီး မှတ်တမ်း၊ မွေ့စေတီကျောက်စာတိုက်ကြီး တည်ထားပြီး မှတ်တမ်း အလှူရှင် စာရင်းများ ပေးပို့ခဲ့သည့် နဘူးကျင်းရန်ကင်းတောရမှ ရန်ကုန်ဆရာတော် ဘဒ္ဒန္တဇာဂရိယ (မွေ့စရိယ၊ ဂဏဝါစက၊ အရညဝါသီ)အားလည်းကောင်း၊

◆ နေပြည်တော်လယ်ဝေး ထန်းတပင်တောကြီးသို့ မိုလ်ကြီးသိန်းစိုးနိုင် (ငြိမ်း)နှင့်အဖွဲ့ သွားရောက်၊ တောရဆရာတော်ရုပ်ထုဖူးမြော်၊ ရေးခဲ့သောကျမ်းစာများ ဆရာတော်ဦးကေဝလထံမှ ဖတ်ရှုကြည်ညိုလှသဖြင့် ဤကျမ်းစာရိုက်နှိပ်ရေး ကျပ်ငွေသုံးသိန်းလှူဒါန်းခဲ့ကြသော မိုလ်ကြီးသိန်းစိုးနိုင် (ငြိမ်း)၊ ဦးအောင်မျိုးသန့်၊ ဦးထွန်းထွန်းဝင်း နှင့် ဦးစိုးမင်းတို့အားလည်းကောင်း၊

◆ မဟာတိဿရစေတီတော်ဓာတ်ပုံနှင့် ကျောက်စာတိုက်ကြီး ဓာတ်ပုံများပေးပို့ခဲ့သည့် ကျောက်စာတိုက်အလှူရှင် ဦးစိန်မောင် + ဒေါ်ဝင်းမာ မိသားစုတို့အားလည်းကောင်း၊

◆ မှတ်တမ်းတင်ဓာတ်ပုံများ လိုအပ်ရာ ပြန်လည်ကူးပေးခဲ့သော ဖူဂျီဓာတ်ပုံတိုက် ဦးအောင်ဖုန်း + ဒေါ်ဖြူဖြူလွင် တူမ ဝေဝေထိုက်တို့အားလည်းကောင်း၊

◆ ဝက်ဘာလမ်း စာပေစိစစ်ရေးရုံးနှင့် ပုံနှိပ်တိုက်သို့ မော်တော်ကားဖြင့် အကြိမ်ကြိမ်ပို့ပေးခဲ့သည့် လူသားစင်စစ်ဗုဒ္ဓ စာအုပ်ပြုစုသူ ဆရာဦးဌေးအောင် (ရက္ခဗေဒ)နှင့် အဓိမ္မာရဏနယ်၊ ယဉ်ကျေးလိမ္မာစာစုများ ပြုစုသူ ဆရာဦးမြင့်အေး (ရူပဗေဒ)တို့အားလည်းကောင်း၊

◆ စာများ စိစစ်တည်းဖြတ်ပေးခဲ့သော ဆရာဦးညဏ်ဝင်း (မွေ့စရိယ)နှင့်သမီး မသီတာဝင်း **Dream City Computer** တို့အားလည်းကောင်း၊

◆ အောင်ချမ်းသာ ပုံနှိပ်တိုက် ဒေါ်အိအိဆွေနှင့် မိသားစုတို့အားလည်းကောင်း၊

ကျေးဇူးအထူးတင်ပါကြောင်း မော်ကွန်းထိုးအပ်ပါသည်။

စီစဉ်သူ

သိမ်းဆောင်(ရမည်းသင်း)



နှုတ်ကျင်းတောရဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူခဲ့သော ကျမ်းစာများ

၁။ အရုဏုဂ္ဂကာလဝိနိစ္ဆယ ခေါ်
အရုဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း
၂။ စီဝရဝဏ္ဏဝိနိစ္ဆယ ခေါ်
သင်္ကန်းရောင်အဆုံးအဖြတ်ကျမ်း
၃။ ဆန္ဒဒါန ဝိနိစ္ဆယ ခေါ် ဆန္ဒပေးအဆုံးအဖြတ်ကျမ်း
၄။ ရူတဂ်ဝိနိစ္ဆယ ခေါ် ရူတင်အဆုံးအဖြတ်ကျမ်း
၅။ ဓမ္မသံယုတ္တဂါထာ ခေါ် တရားနှင့်ယှဉ်နေစေချင်ကျမ်း
၆။ ဝန္ဒနာစုံကျမ်း ခေါ် မြင့်မြတ်သူတို့၏ အလုပ်များ
၇။ သရက်ကန်ကျောင်း ဆရာတော် အရှင်ဥတ္တမသ၏
ထေရုပ္ပတ္တိအကျဉ်း
၈။ ဘုရားဖြူဆရာတော် အရှင်ပညာဝံသ
အဂ္ဂမဟာပဏ္ဍိတ၏ ထေရုပ္ပတ္တိအကျဉ်း
၉။ တောရဆရာတော် သမုတ်ခဲ့သော
သိမ် - ၁၀၀ မှတ်တမ်း
၁၀။ ကလျာဏီကျောက်စာ ပါဠိ + မြန်မာ
ပြည်လည်တည်းဖြတ် ပြုစုခြင်း
၁၁။ မြန်မာနှင့် မလေးရှား တောရဆရာတော် ၅ ပါး
မေးလျှောက်ခြင်းကို ဖြေကြားသည့် ကျမ်းစာ

မှတ်ချက် - သိမ် အလုံးပေါင်း ၁၇၀ သမုတ်တော်မူခဲ့ပါသည်။